ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 December 2024 ၁၁၆၆၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများ ပြည်သူ့ရင်ပြင်၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဒီဇင်ဘာအားကစားလ (ပထမရက်သတ္တပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၇

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာ အရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ




**၇ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ နှင့် အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

**ယနေ့ ဖတ်စရာ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ စာမျက်နှာ » ၄

ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့်ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၅

အဂတိပယ်ခွာ ပြည်သာယာ ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၂၃

# စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူလူထုထဲမှ ပေါ်ပေါက်လာသော တပ်မတော်ဖြစ်သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းရင်း စတင်သန္ဓေတည်ခဲ့သည်။ မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်ပေါ်လာရန် တိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ပြီး နိုင်ငံအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို အသက်၊ သွေး၊ ချွေးရင်းနှီးပေးဆပ်၍ တွန်းလှန်ကာကွယ်ခဲ့သည်။ ယင်းတို့သည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။

မျိုးချစ်စိတ်ဆိုသည်မှာ တိုင်းပြည်ကာကွယ်ရေးအတွက်သာမက ပြည်ထောင်စုကြီး အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်အရေးကိစ္စကိုမဆို ခေါင်းငုံ့မခံ အရဲစိတ်မာန်ဖြင့် ကာကွယ်လိုသော စွမ်းအားကြီးမားသည့်စိတ်ဓာတ်ဖြစ်သည်။ “မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့ စိတ်တို့ပဲ ဖြစ်ပါတယ်။ အဲဒီလို အရင်းခံစိတ်တွေ ကိန်းဝပ်လာအောင် တည်ဆောက်ပေးနိုင်မှသာ တစ်ဦးချင်းရဲ့ ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာပြီး စိတ်ဓာတ်ခိုင်မာ ကောင်းမွန်လာမှာဖြစ်တယ်”ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲတွင် ပြောကြားခဲ့သည်။

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြသူများဖြစ်၍ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်အောင် တည်ဆောက်ထားကြသူများဖြစ်သည်။ မျိုးချစ်စိတ်၊ တိုင်းပြည်ကာကွယ်လိုစိတ်၊ မိမိတပ်ဖွဲ့နှင့် တပ်မတော်အပေါ် ချစ်ခင်တွယ်တာလိုစိတ်များရှိစေရန် အစဉ်အမြဲလေ့ကျင့်ပျိုးထောင်လျက်ရှိသည်။ ထိုသို့ စိတ်ဓာတ်များ မြင့်မားခိုင်ကျည်နေပါလျှင် လူသူလက်နက်အင်အားနည်းသော်လည်း အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရသဖြင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်အောင် အစဉ်အမြဲပျိုးထောင်ပေးနေရမည်ဖြစ်သည်။

တိုင်းပြည်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် တိုက်လိုခိုက်လိုစိတ်များ မြင့်မားစေရန်အတွက် တပ်မတော်၏စိတ်ဓာတ်များဖြစ်သည့် လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ ပေးအပ်သည့်တာဝန်အပေါ်တွင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင်လုပ်မည်ဆိုသည့် စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကောင်းများကို အသက်နှင့်လဲပြီး စောင့်ထိန်းမည်ဆိုသည့် စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြရန်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့် စိတ်ဓာတ်များဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်သွားကြရန်ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များကို အလေးအနက်ထား လိုက်နာကြရမည်ဖြစ်သည်။

တပ်မတော်သားများသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် ကိုယ်ပိုင်သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာခဲ့ကြသူများဖြစ်သည်။ စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သလို အသက်ဝိညာဉ်ဖြစ်သည်။ တပ်မတော်သည် မွန်မြတ်သောစိတ်ထားနှင့် ကောင်းမွန်သည့် စည်းကမ်းများနှင့်တည်ဆောက်ထားသော တစ်ခုတည်းသော အဖွဲ့အစည်းကြီးဖြစ်သည်။ မပျက်မကွက်လိုက်နာရမည့် ဆောင်ရန်စည်းကမ်းများနှင့် လုံးဝမပြုလုပ်ရန် တားမြစ်ထားသည့် ရှောင်ရန်စည်းကမ်းများကို တိကျစွာလိုက်နာရသည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သားအားလုံး လိုက်နာရန် တိုက်တွန်းထားသည့် စစ်သည်တော် ကျင့်ဝတ်အပါး (၆၀)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာကြရသည်။ ထို့ပြင် စစ်မြေပြင်စည်းကမ်း၊ လုပ်ငန်းခွင်စည်းကမ်းနှင့် နယ်ဘက်ဆိုင်ရာစည်းကမ်းဥပဒေများကို လေးစားလိုက်နာကြရသည်။

သို့ဖြစ်ရာ တပ်မတော်သည် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများဖြင့် တိကျခိုင်မာစွာ စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်သားများသည် မွန်မြတ်သော စိတ်ဓာတ်များ၊ ခံယူချက်များနှင့် ကြီးလေးသောတာဝန်ဝတ္တရားများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိသည်။ စစ်မှန်သည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းကမ်းလိုက်နာသည့်စိတ်ဓာတ်များဖြင့် အစဉ်အလာကြီးမားသည့် တပ်မတော်၏ဂုဏ်ဒြပ်များကို အစဉ်အလာမပြတ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း။ ။




## အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

**အုတ်တွင်း ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်းပါးရှင် မြေလတ်မောင်မြင့်သူ ရေးသားသည့် “ဘယ်စိတ်နှင့်ရှင်သန် ဘယ်အလံ ဘယ်လိုလွှင့်ထူမလဲ” ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာဦးခင်မောင်ချို(ကညွတ်ကွင်း)က ဦးဆောင်ဆွေးနွေးကာ စာဖတ်ဝိုင်းသို့တက်ရောက်လာသော စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာစောင်များ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးနံရံကပ် စာစောင်များကို ပြသခဲ့ကြောင်းသိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## မင်းကင်းမြို့၌ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**မင်းကင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့တွင် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။



**လက်တွေ့သရုပ်ပြ**

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ကလျာဏမိတ္တစနေစာပေစကားဝိုင်းအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်(ဇေယျထင်-မင်းကင်း)က စာအုပ်လှူဒါန်းပွဲဆိုင်ရာများနှင့် ကျောင်းစာကြည့်တိုက်တာဝန်ခံ ဒေါ်ခင်သစ်လွင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းကာ ကျောင်းသားကျောင်းသူလေးဦးက စာဖတ်စွမ်းရည် လက်တွေ့သရုပ်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတ/ရသစာအုပ်မျိုးစုံနှင့် ကလျာဏမိတ္တစနေစာပေစကားဝိုင်းအဖွဲ့ နာယကဦးသန်းဆွေနှင့် ဥက္ကဋ္ဌ ဦးမြင့်သဏ်းတို့က ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ မြန်မာ့စွယ်စုံကျမ်းကြီး ၁၅ စုံနှင့် မြန်မာအဘိဓာန်စာအုပ်များကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာန၏ ရုံးအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အဆောက်အအုံကြီးစားပြုပြင်နေမှုနှင့် ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) လသာလမ်းအဆောက်အအုံတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အဦဦးစီးဌာနမှ တာဝန်ရှိသူများက အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအကြီးစားပြင်ဆင်မှုကို စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊



မူလပုံစံမပျက်စေဘဲ စနစ်တကျ ပြုပြင်ဆောင်ရွက်ရန် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အဆောက်အအုံသို့ ရောက်ရှိပြီး ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သို့ရောက်ရှိပြီး မော်ကွန်းပြခန်း၊ သုတေသီဝန်ဆောင်မှုအခန်း၊ မော်ကွန်း/မှတ်တမ်းအခန်းများ၊ Digitization အခန်း၊ Micro Film ရိုက်ကူးခန်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲမှ ဝန်ထမ်းများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစီးဌာနများမှ တိုင်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ဌာနများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

ဦးစွာ နံနက် ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ ပြည်သူ့ရင်ပြင်အတွင်းမှ ပြည်လမ်း –အလုံလမ်း– ဦးဝိစာရလမ်းအတိုင်း၊ ထိုမှရွှေတိဂုံစေတီတော်အနောက်ဘက် ပြည်သူ့ရင်ပြင် အရှေ့ဘက်ဝင်ပေါက်မှ ဝင်၍ ရင်ပြင်အတွင်းကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြသည်။

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်ခဲ့ကြသည့် အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)တို့မှ ကျောင်းသားကျောင်းသူများက လွန်ဆွဲပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ စုစုပေါင်းအင်အား ၂၀၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




## တိုက်ကြီးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ




တိုက်ကြီး ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလလူထု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ဇောဓိကုန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းရှေ့မှစတင်ပြီး ရန်ကုန်-ပြည် ကားလမ်းအတိုင်း တာခွကျေးရွာအုပ်စု လသာကုန်းကျေးရွာ တိုက်ကြီးတိုးဂိတ်ဟောင်းအထိ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူစုစုပေါင်း ၅၀၀ တို့ ပါဝင်ဆင်နွှဲကြပြီး တိုက်ကြီးတိုးဂိတ်ဟောင်းတွင် ကိုယ်လက်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းများကို စုပေါင်းပါဝင်ခဲ့ကြသည်။ အလားတူ ဥက္ကံမြို့နှင့် အဖျောက်မြို့တွင်လည်း သတ်မှတ်စုရပ်နေရာများမှ မြို့အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဒီဇင်ဘာအားကစားလူထုလမ်းလျှောက်ပွဲတွင် စုပေါင်းပါဝင်ဆင်နွှဲကြောင်း သိရသည်။

တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်တွင် ဒီဇင်ဘာအားကစားလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလအတွင်း အပတ်စဉ်စနေနေ့တိုင်း သတ်မှတ်စုရပ်နေရာမှ စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ




**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီ ရှိပြီး တည်ထောင်ခွင့် စိစစ်ဆဲပါတီအနေဖြင့် တစ်ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပါတီဝင်အင်အားပြည့်မီရေးနှင့် ပါတီရုံးခန်းများ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်နိုင်ရေးတို့ကို သတ်မှတ်ကာလအတွင်း သတ်မှတ်အရေအတွက် ပြည့်မီရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်း၊ ပါတီအလံလွှင့်ထူခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများမှလွဲပြီး အခြားအဆောက်အအုံများတွင် သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အစည်းများ၏ စည်းကမ်းများနှင့်အညီ ရုံးခန်းဖွင့်လှစ်ရန်နှင့် ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းမပြုလုပ်မီ သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အသိပေးရန် ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီတွင်းနှင့် ပါတီပြင်ပ စည်းရုံးရေး ဆောင်ရွက်မှုကို မှတ်ပုံတင်ခွင့်ရရှိပြီးသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုး၊ ဒေသအကျိုးများကို တတ်နိုင်သမျှ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များ စောင့်ကြည့် လေ့လာခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မပြုဘဲ လေ့လာခွင့်သာပြုခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အချက် ၁၃ ချက်အနက် လေ့လာခွင့်မပြုခဲ့သည့် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ စောင့်ကြည့်လေ့လာခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်းစသည့်အချက်များကို ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတိုင်း ပြန်လည်ထည့်သွင်းပြီး စောင့်ကြည့်လေ့လာခွင့် စံနှုန်းနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကား ငါးမျိုးဖြင့်ဖတ်ရှုနိုင်သည့် Website ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website တွင် Mobile Application ကိုလည်း Download ရယူနိုင်ကြောင်း၊ Soft Copy များကို နိုင်ငံရေးပါတီများသို့လည်း ဖြန့်ဝေထားကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိက္ခာရှိသော လွှတ်တော်ဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသော ကိုယ်စားလှယ်များဖြစ်ရန် လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရန် လိုကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၃ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ အကြိမ်(၂၀) မြောက် အကြီးအမှူးများအစည်းအဝေး တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၇**

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ( ASEAN Parties Against Corruption_ ASEAN-PAC)၏အကြိမ်(၂၀)မြောက်အကြီးအမှူးများအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ H.E.Khamphan PHOMMATHATH နှင့် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ H.E. Alexander Marwata တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် (၁၉) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးမှတ်တမ်းကိုအတည်ပြုခြင်း၊ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၂၃-၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ၂၀၂၆-၂၀၂၈ ခုနှစ် လုပ်ငန်းအစီအစဉ်ရေးဆွဲချမှတ်နိုင်ရေး၊ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် မလေးရှားနိုင်ငံ၌ ကျင်းပနိုင်ရေးနှင့် “အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြသည်။

ထို့အပြင် အာဆီယံအတွင်းရေးမှူးရုံး ကိုယ်စားလှယ်က အာဆီယံဒေသအတွင်း ASEAN-PAC ၏ ပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရေး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC) ကိုယ်စားလှယ်က ASEAN-PAC အဖွဲ့ဝင်နိုင်ငံများ၏ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention against Corruption- UNCAC) အကောင်အထည်ဖော်ဆောင်မှုတို့ကို ဆွေးနွေးကြပြီး အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Corruption Eradication Commission- KPK) နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကျင်းပသည့် ASEAN-PAC အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၂၄ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရုပ်ရှင်ပြပွဲ (Anti-Corruption Film Festival 2024) သို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အများပြည်သူဆိုင်ရာ အသိပညာပေးမှုနှင့် အများပြည်သူမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အလေးထားဆွေးနွေးပြီး အသိပညာပေးအစီအစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ဆောင်ရွက်နေမှု၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ရယူနိုင်ရန် ဦးတည်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေမှု၊ သတင်းပေးသူ အကာအကွယ်ပေးရေးဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်နေမှုနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များအား ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရာဂီမုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်နှင့် ဆက်စပ်ရေကြီးမှုများကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်(၈)ခုတွင် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ရုံးအဆောက်အဦပျက်စီးမှုများအပါအဝင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၄၄ ဘီလီယံကျော်၊ လူနေအိမ်ပျက်စီးမှု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပျက်စီးမှု၊ လယ်ယာမြေစိုက်ပျိုးထားရှိမှုနှင့် လယ်ယာသုံးပစ္စည်းများပျက်စီးမှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍဆုံးရှုံးမှုငွေကျပ် ၂၂၁ ဘီလီယံကျော်၊ စုစုပေါင်းငွေကျပ် ၄၆၆ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့က အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်က ဒုတိယဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၏ ပြင်းထန်သည့်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ရာ အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံကျော်၊ လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၄၃၃ ဘီလီယံကျော်၊ စုစုပေါင်း ငွေကျပ် ၅၃၄ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပါသည်။ မိုခါမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ဝင်ရောက်ခြင်းဖြစ်၍ ပျက်စီးဆုံးရှုံးမှုများ၏ ၉၈ ရာခိုင်နှုန်းခန့်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

| မုန်တိုင်း | တိုင်းဒေသကြီး/ ပြည်နယ် | အစိုးရကဏ္ဍ | လူမှုရေးကဏ္ဍ | စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ရာဂီ | ၈ | ၂၄၄,၄၄၁.၀၄၁ | ၂၂၁,၇၉၀.၇၃၃ | ၄၆၆,၂၃၁.၇၇၄ |
| မိုခါ | ၁၃ | ၁၀၀,၇၆၀.၆၅၈ | ၄၃၃,၃၈၅.၃၇၉ | ၅၃၄,၁၄၆.၀၃၇ |

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ရေဘေးစတင်ဖြစ်ပွားသည်မှ ၂၀-၁၁-၂၀၂၄ ရက်အထိ ရေဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ငွေကျပ် ၅.၂၂၃ ဘီလီယံကျော်၊ သေဆုံးသွားသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ငွေကျပ် ၄၄၆.၈၀၀ သန်းကျော်၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ငွေကျပ် ၂၀.၅၀၆ ဘီလီယံကျော်၊ နေ့စဉ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့၊ သွင်းအားစု၊ အိမ်မွေးနှင့် လယ်ယာသုံးတိရစ္ဆာန်များထောက်ပံ့မှု ငွေကျပ် ၄.၇၃၂ ဘီလီယံကျော် အပါအဝင် စုစုပေါင်းငွေကျပ် ၃၀.၇၇၉ ဘီလီယံကျော်ကို ထောက်ပံ့ထားပြီးဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်း ၁၅၀၀ ကျော်ကို (၁)လအတွင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းပျက်စီးမှု၏ ၇၃.၂၃%၊ တံတားပျက်စီးမှု၏ ၄၁.၉၂%၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက်ပျက်စီးမှု၏ ၆၇.၃၅ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်ပါသည်။ မိုးစပါးပျက်စီးဧကများအနက် ပြန်လည်စိုက်ပျိုးရန်လျာထားမှု၏ ၇၃.၇၅ ရာခိုင်နှုန်း ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၉.၉၉ ရာခိုင်နှုန်းလွှမ်းခြုံနိုင်ခဲ့ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သတ်မှတ်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေး အရှိန်အဟုန်ဖြင့် ကဏ္ဍ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

နောက်ဆက်တွဲ(က)

ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်
ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား) | | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အဦ(ဆည်မြောင်း/တာ/တမံ) | | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း(ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | | |
| | | ကန် | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | ၅၈ | ၂၄၅.၃၇၀ |
| | **စုစုပေါင်း** | | | **၄၆၆,၂၃၁.၇၇၄** |

**မှတ်ချက်။** ကနဦးလုပ်ငန်းကော်မတီမှ(၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

နောက်ဆက်တွဲ(ခ)

မိုခါနှင့် ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်
ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှု နှိုင်းယှဉ်ပြဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု မိုခါ အရေအတွက် | ထိခိုက်ပျက်စီးမှု မိုခါ တန်ဖိုး (ကျပ်သန်း) | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၁၃ | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၂၇၃၆၅၇ | ၃၆၄,၀၁၇.၄၆၅ | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၆၃၀၃၅၂ | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၂၈၈၇၇၆၈ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၁၅၆ | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၆၆၂ | ၂၀,၇၃၉.၁၉၃ | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ (လမ်း/တံတား) | | ၂၁၃ | ၄,၄၅၆.၀၈၇ | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ) | | ၃၆၅ | ၇,၈၇၅.၅၉၀ | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၁၈၉၄ | ၃၂,၅၃၀.၈၀၀ | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၅၇၄ | ၆,၄၀၇.၆၂၈ | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၇၈၂၁ | ၃,၆၂၆.၀၀၇ | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၆၃၁ | ၂၅,၁၂၅.၃၅၄ | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ ငါးဖမ်းကိရိယာ) | | ၄၅၂၆ | ၁၈,၇၅၆.၉၃၂ | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၁၂၄၇၁၂.၉၉ | ၁၃,၁၈၆.၁၄၅ | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | ၅၅၇၂၈.၀၀ | | | |
| | | ကန် | ၃၄.၀၀ | | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၁၇၈၀၃၂ | ၁၅,၈၆၆.၄၆၁ | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၁၇၆၀ | ၂၁,၅၅၈.၃၇၆ | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | | | ၅၈ | ၂၄၅.၃၇၀ |
| | **စုစုပေါင်း** | | | **၅၃၄,၁၄၆.၀၃၇** | | **၄၆၆,၂၃၁.၇၇၄** |

**မှတ်ချက်။** ကနဦးလုပ်ငန်းကော်မတီမှ(၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၇**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်- အိန္ဒိယနိုင်ငံတမီးလ်နာဒူးကမ်းခြေ)သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

**အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တတိယဆုရဆောင်းပါး**

# အဂတိပယ်ခွာ ပြည်သာယာ

ဇင်မင်းစိုး(ပိုလ်ကလေး)

**နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပါသည်။ အဂတိလိုက်စားမှု၏ ဆိုးကျိုးများကို သိမြင်စေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံတိုင်း၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ခမ်းခမ်းနားနားပြုလုပ်ကျင်းပကြပါသည်။**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံ**

အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုစနစ်များ ယိုယွင်းပျက်စီးစေနိုင်သဖြင့် ကမ္ဘာ့နိုင်ငံများက အလေးထားတိုက်ဖျက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း၌သာ ဖြစ်ပွားသည့် ပြစ်မှုအသွင်မှ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော ဂိုဏ်းဖွဲ့ကျူးလွန်သည့် ပြစ်မှုများအသွင်သို့ ပြောင်းလဲလာနိုင်သည်ဖြစ်ရာ ပြည်တွင်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းစသည့် နိုင်ငံတွင်းဆောင်ရွက်မှုများအပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအလေးထားဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့သော နိုင်ငံတိုင်းအပေါ် ဆိုးရွားသော သက်ရောက်မှုများဖြစ်စေသည့် အဂတိလိုက်စားမှုများ၊ ယင်းနှင့်ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများ စသည်တို့ကို တားဆီးကာကွယ်ရန်ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ်၊ ၅၈/၄ အရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မာရီဒါမြို့၌ ကျင်းပပြုလုပ်ခဲ့သော အဆင့်မြင့်နိုင်ငံရေးဆိုင်ရာ လက်မှတ်ရေးထိုးရေးညီလာခံတွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို သဘောတူလက်မှတ်ရေးထိုး၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများကိုယ်စား အတွင်းရေးမှူးရုံးအဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime–UNODC) အား တာဝန်ပေးအပ်ထားပြီး နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုနေ့မှစ၍ ကမ္ဘာတစ်ဝန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အများပြည်သူပူးပေါင်းပါဝင်လာနိုင်စေရေး ရည်ရွယ်သည့် လှုပ်ရှားမှုများ၊ အထိမ်းအမှတ်အခမ်းအနားများကို ဆောင်ရွက်လာကြပါသည်။

**အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

အဂတိလိုက်စားမှုဆိုသည်မှာ **"မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း"**ကို ဆိုလိုသည်ဟု မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၃(က)(၁) တွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ဘဏ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အဂတိလိုက်စားမှု" ဆိုသည်မှာ "ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူနှင့်ဆိုင်ရာလုပ်ငန်းဌာနကို အသုံးချခြင်း" ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဗုဒ္ဓကျမ်းဂန်တွင် သိင်္ဂါလသုတ်၌ မြတ်စွာဘုရားက သိင်္ဂါလလုလင်အား မဟာကရုဏာတရားဖြင့် အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်း ဆုံးမတော်မူခဲ့လေသည်။ အဆိုပါအဂတိတရား လေးပါးမှာ– (၁) ဆန္ဒာဂတိ၊ (၂) ဒေါသာဂတိ၊ (၃) မောဟာဂတိ၊ (၄) ဘယာဂတိတို့ ဖြစ်ကြလေသည်။ **ဆန္ဒာဂတိ**ဆိုသည်မှာ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်၍ မပြုသင့်သည့်ဘက်ကို ပြုခြင်းဖြစ်ပါသည်။ **ဒေါသာဂတိ**မှာ စိတ်ဆိုးသဖြင့် မလိုက်သင့်သည်ဘက်သို့လိုက်၍ မပြုသင့်သည့်ဘက်ကိုပြုလုပ်ခြင်းဖြစ်လေသည်။ **မောဟာဂတိ** ဆိုသည်မှာ ဆင်ခြင်တုံဉာဏ်မရှိဘဲ မိုက်မဲတွေဝေကာ မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည့်ဘက်ကိုပြုခြင်း ဖြစ်လေသည်။ **ဘယာဂတိ** ဆိုသည်မှာ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်၍ မပြုသင့်သည်ကို ပြုခြင်းဖြစ်သည်ဟု စာပေကျမ်းဂန်များတွင် မှတ်သားသိရှိရပါသည်။

အဂတိလိုက်စားမှုဟုဆိုရာတွင် လာဘ်ပေးလာဘ်ယူပြုခြင်းအပါအဝင် အကျင့်ပျက်ခြစားခြင်း၊ သြဇာအာဏာကို သုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ တာဝန်ကိုအလွဲသုံးစားပြုခြင်း၊ တရားမဝင် ကြွယ်ဝချမ်းသာလာခြင်းတို့ ပါဝင်ပါသည်။

မျက်မှောက်ခေတ်တွင် လူအများသည် အဂတိလိုက်စားခြင်းကို လာဘ်စားခြင်းတစ်ခုတည်းသာ အသိမှား အမြင်မှားနေကြလေသည်။ အမှန်တကယ်တွင် အဂတိလိုက်စားခြင်းဟူသည် လာဘ်စားခြင်းတစ်ခုတည်းမဟုတ်ကြောင်းကို မြတ်စွာဘုရားက သိင်္ဂါလလုလင်အားဟောကြားခဲ့သည့် သိင်္ဂါလသုတ်တွင် အဂတိတရားလေးပါး၏ အနက်အဓိပ္ပာယ်အရ သိမြင်နိုင်ပါသည်။

**လာဘ်ပေးလာဘ်ယူ တို့ရန်သူ**

ကျွန်တော်တို့ ငယ်ငယ်က သင်ကြားခဲ့ရသည့် **"လာဘ်ပေးလာဘ်ယူ တို့ရန်သူ"**ဟူသော သင်ခန်းစာတွင်လည်း လာဘ်ယူခြင်းကို အခြေခံလူတန်းစားမှ အစ မနှစ်မြို့ကြသည်ကို လေ့လာသိရှိရပါသည်။ လာဘ်ယူခြင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြင်း၊ မမျှတခြင်း၊ နှမ်းပါးသူများအဖို့ ပို၍နာကျင်ခံစားရခြင်းတို့ကို တွေ့မြင်နိုင်ပါသည်။

ရှေးသရောအခါက ဘုရင်ကြီးတစ်ပါးသည် အသက်ခြောက်ဆယ်ပြည့်အထိမ်းအမှတ်အတွက် ကြီးကျယ်ခမ်းနားသော စားပွဲသဘင်ကျင်းပရန် ပြင်ဆင်ရာ ဟင်းလျာအမျိုးမျိုးရရှိသော်လည်း ထိုနေ့တွင် မိုးသက်လေပြင်းကျသဖြင့် တံငါသည်များ ငါးမရနိုင်၍ ငါးဟင်းတစ်မည် လိုအပ်နေလေသည်။ ထိုအချိန်တွင် တံငါသည်တစ်ဦးသည် သူဖမ်းယူရရှိသော ငါးဟင်းလျာကို ဘုရင်ကြီးမွေးနေ့ပွဲတွင် ဧည့်ခံနိုင်စေရန် လာရောက်ဆက်သလေသည်။

တံငါသည်သည် နန်းတော်သို့ ဝင်ရောက်ရန် ခွင့်တောင်းရာ တံခါးမှူးက တံငါသည်သည် ဘုရင်ကြီးအား ငါးဟင်းလျာဆက်သပါက ဆုလာဘ်များစွာ ရရှိမည်ကိုသိရှိသဖြင့် အလွယ်တကူ ဝင်ခွင့်မပေးဘဲ ရရှိသည့် ဆုလာဘ်များထဲမှ တစ်ဝက်ကို မိမိအား ပေးမည်ဆိုမှသာ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း လာဘ်တောင်းဆိုလေသည်။ တံငါသည်လည်း သဘောတူကာ နန်းတော်ထဲသို့ဝင်၍ ဘုရင်ကြီးအား ငါးဟင်းလျာဆက်သလေသည်။

ဘုရင်ကြီးလည်း ငါးဟင်းလျာတစ်မည် လိုအပ်နေချိန်တွင် တံငါသည်က ငါးဆက်သလာသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြင့် လိုအပ်သောဆုလာဘ်တော်တို့ကို တောင်းစေလေသည်။ တံငါသည်သည် ရိုးသားဖြောင့်မတ်သူဖြစ်ပြီး အကျင့်သိက္ခာပျက်ပြားခြင်းကို ရွံ့မုန်းသူဖြစ်ရကား ကြိမ်ဒဏ်အချက် ငါးဆယ်သာ ပေးအပ်ရန် ရဲဝံ့စွာလျှောက်ထားလေသည်။ ဘုရင်ကြီးနှင့် မင်းချင်းတို့လည်း အလွန်အံ့အားသင့်ကြပြီး "အချင်းတံငါသည် ပြင်၍ တင်လျှောက်ဦးလော့"ဟု သုံးကြိမ်သုံးခါ အခွင့်ပေးလေသည်။ တံငါသည်လည်း သုံးကြိမ်သုံးခါတိုင် ကြိမ်ဒဏ်အချက် ငါးဆယ်ပေးရန်သာ လျှောက်ထားသဖြင့် မင်းကြီးလည်း မင်းချင်းတို့အား တံငါသည်ကို ကြိမ်ဒဏ်အချက်ငါးဆယ် ညင်သာစွာပေးအပ်ရန် မိန့်လေသည်။

မင်းချင်းတို့လည်း "မကြုံစဖူး ဤလူထူးကို ရှူးသည်ဟု ဆိုရမည်လည်း အခက်၊ ငါးဖိုးအတွက် အချက်ငါးဆယ်သော ကြိမ်ဒဏ်ကို တောင်းသဖြင့် လူကောင်းဟုလည်း မဆိုသာ"ဟု အချင်းချင်းပြောဆိုရယ်မောကြလျက် တံငါသည်ကို ညင်သာစွာရိုက်ကြလေသည်။ ကြိမ်ဒဏ်နှစ်ဆယ့်ငါးချက်အရောက်တွင် တံငါသည်သည် မင်းချင်းတို့အား "ရပ်ပါဦး ရပ်ပါဦး။ ကျွန်တော့်တွင် ကုန်ဖက်တစ်ဦး ရှိပါသေးသည်။ ငါးဖိုး၏ ထက်ဝက်ကြိမ်ဒဏ်ကို ကျွန်တော့်၏ ကုန်သွယ်ဖက်အား ပေးပါလော့"ဟု တောင်းဆိုရာ မင်းချင်းတို့က "မဖွယ်မရာ ဤကမ္ဘာ၌ သင်ကဲ့သို့ မိုက်သောသူကား တစ်ယောက်သာရှိလိမ့်မည်ဟု ငါတို့ထင်မှတ်၏၊ သင့်မှာမူကား အဖော်ကုန်ဖက်ပင် ရှိချေသေး၏တကား" ဟု အံ့သြရယ်မောကြလျက် ထိုအကြောင်းကို မင်းကြီးအား တင်လျှောက်လေသည်။

မင်းကြီးလည်း အကြောင်းစုံကို မေးမြန်းရာ တံငါသည်၏ အခြားမိတ်ဖက်မှာ နန်းတော်၏ တံခါးမှူး ဖြစ်လေသည်။ တံငါသည်၏ ဆုလာဘ်များထဲမှ တစ်ဝက်ကိုပေးအပ်ရန် တောင်းဆိုထားသဖြင့် မိမိ၏ ကြိမ်ဒဏ်တစ်ဝက်ကို တံခါးမှူးအား ပေးအပ်ပါရန် လျှောက်ထားရာ မင်းကြီးလည်းအကြောင်းစုံကို သိရှိနားလည်ပြီး လာဘ်ယူခြင်းကို ရှင်ဘုရင်သိအောင် ထုတ်ဖော်ပြသအပ်သော တံငါသည်၏ ပညာရှိမှုကို ချီးမွမ်းကြလေသည်။ လာဘ်ယူသော နန်းတော်တံခါးမှူးကိုခေါ်စေ၍ ဟုတ်မှန်လျှင် ကြိမ်ဒဏ်နှစ်ဆယ့်ငါးချက်ကို ပြင်းထန်စွာရိုက်စေလျက် တံခါးမှူးရာထူးမှချကာ ပညာရှိသော တံငါသည်အား နန်းတော်၏ တံခါးမှူးအဖြစ်သို့ ချီးမြှင့်မြှောက်စားခဲ့လေသည်။

ဤသင်ခန်းစာပုံပြင်လေးတွင် လာဘ်ယူခြင်းကို မကြိုက်မနှစ်သက်သော တံငါသည်၏ ဖော်ထုတ်ဆောင်ရွက်ချက်များသည် မှတ်သားစရာကောင်းလှပြီး လာဘ်ယူခြင်းကို သက်သေပြ၍ သိရှိအောင် ဆောင်ရွက်ခဲ့သော တံငါသည်၏ ဉာဏ်အမြော်အမြင်ကြီးမှုကို တွေ့မြင်ခဲ့ရပါသည်။

အဂတိလိုက်စားမှုနှင့်ပတ်သက်၍ မှတ်သားစရာကောင်းသော အခြားမှတ်တမ်းများလည်း များစွာရှိကြလေသည်။ မြန်မာ့သမိုင်းတွင် ကုန်းဘောင်မင်းဆက်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တိုင်းပြည်ကို အုပ်ချုပ်ရာတွင် ကျောသားရင်သား ခွဲခြားမှုမရှိ၊ ဘက်လိုက်မှုမရှိသဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှုကိုရရှိခဲ့ပါသည်။ မိဖုရားခေါင်ကြီးက ၎င်း၏မောင်တော်သည် ရာထူးနေရာမရှိ၍ ချီးမြှင့်မြှောက်စားပေးရန် လျှောက်တင်မှုအပေါ် နန်းတော်အောက်၌မွေးနေသော ခွေးအား သွားရောက်ကြည့်ရှုစေရာ တိကျသေချာမှုမရှိဘဲ အကြိမ်ကြိမ်ပြန်လည်ကြည့်ရှုနေသည်ကို ထောက်ပြ၍ ယောက်ဖတော်ပင်ဖြစ်လင့်ကစား ရာထူးရာခံချီးမြှင့်ခဲ့ခြင်း မပြုခဲ့သဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှုကို ပိုမိုရရှိခဲ့ပါသည်။

လာဘ်ပေး လာဘ်ယူခြင်းသည် ပြည်သူအားလုံး၏ ဘုံရန်သူအဖြစ်သတ်မှတ်၍ ဝိုင်းဝန်းစုပေါင်း တိုက်ဖျက်ကြရန် တာဝန်ကိုယ်စီရှိကြပါသည်။ ထို့ကြောင့် လာဘ်ပေး လာဘ်ယူ တို့ရန်သူဟု ပြောဆိုသမုတ်ခဲ့ခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားမှု၏ ဆိုးကျိုးအန္တရာယ်များ**

အဂတိလိုက်စားမှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပြင်းပြင်းထန်ထန် ပိတ်ဆို့ဟန့်တားလျက်ရှိပြီး မြေပေါ်ရန်သူဖြစ်သဖြင့် ထိထိရောက်ရောက် တိုက်ဖျက်သွားရန် လိုအပ်လျက်ရှိပါသည်။ အဂတိလိုက်စားမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် ဖြစ်ပေါ်နေခြင်းဖြစ်လေသည်။ **စာမျက်နှာ ၇ သို့** ❁

> **"နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးသာယာတိုးတက်စေရန်မှာ အဘက်ဘက်မှ ဟန်ချက်ညီညီ ကောင်းမွန်နေစေရန် အလွန်အရေးကြီးလှပါသည်။ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ ဖျက်ဆီးလျက်ရှိရာ နိုင်ငံသူ နိုင်ငံသားအားလုံးက အတူတကွပူးပေါင်း တိုက်ဖျက်ကြရန် အရေးကြီးလှပါသည်။ အဂတိတရားကင်းစင်မှ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင်ကြရန်လိုအပ်"**







❁ စာမျက်နှာ ၆ မှ

ဖြစ်ပွားသည့်ပုံစံသာ ကွဲပြားကြလေသည်။ အများအကျိုးဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်ခြင်းနှင့် စိတ်စေတနာမွန်မြတ်ကောင်းမွန်ခြင်းသည် အဓိကကျလေသည်။ လာဘ်ယူခြင်းသည် ပျက်စီးခြင်းဖြစ်ပြီး လာဘ်ပေးခြင်းသည် ဖျက်ဆီးခြင်းဖြစ်သည်ဟု လူကြီးသူမများက မကြာခဏ ပြောဆိုဆုံးမသွန်သင်ကြလေသည်။

အဂတိလိုက်စားမှုများကြောင့် ဌာနအသီးသီး၏ စွမ်းဆောင်ရည်တို့ကို ကျဆင်းစေပြီး ရည်မှန်းချက်တာဝန်များလည်း မအောင်မြင်နိုင်ပေ။ နိုင်ငံတော်၏ သဘာဝသယံဇာတများ အလဟဿဆုံးရှုံးခြင်း၊ ရသင့်ရထိုက်သော အခွန်အခများမရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ နိုင်ငံသားတို့၏ ရပိုင်ခွင့်အခွင့်အရေးများဆုံးရှုံးခြင်း၊ တရားဥပဒေစိုးမိုးမှုလျော့နည်းကျဆင်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စာရိတ္တမဏ္ဍိုင်များ ပျက်စီးခြင်း၊ အကျင့်ပျက် လူ့အဖွဲ့အစည်းအသွင် ဖြစ်ပေါ်လာခြင်းနှင့် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကင်းမဲ့လာကာ ဆန့်ကျင်မှုဖြစ်ပေါ်လာခြင်း စသည့် အကျိုးဆက်များစွာသည် အဂတိလိုက်စားမှု၏ ဆိုးကျိုးများဖြစ်ကြလေသည်။

အဂတိလိုက်စားခြင်းသည် အိမ်တစ်အိမ်တွင် ခြစားနေသည်နှင့် တူလှပါသည်။ ခြစားခြင်း၏ သဘောသည် တဖြည်းဖြည်းနှင့် အိမ်ကို ဖျက်ဆီးခြင်းဖြစ်သဖြင့် နောက်ဆုံးတွင် အိမ်ပျက်စီးရသည့် အဖြစ်သို့ ရောက်ရလေသည်။ ထို့ကြောင့် အဂတိလိုက်စားမှုများကို အကျင့်ပျက်ခြစားမှုဟုလည်း သုံးနှုန်းခေါ်ဝေါ်ကြလေသည်။

ထို့ပြင် အဂတိ လိုက်စားမှုများသည် အိမ်တစ်အိမ်၏ အုတ်နံရံ၌ ညောင်ပင်ကပ်ပေါက်သည်နှင့် တူလှလေသည်။ ညောင်ပင်ကြီးလာသည်နှင့်အမျှ ကြီးထွားလာသည့် ညောင်မြစ်များသည် အိမ်တစ်အိမ်လုံးကို ပြိုကျ ပျက်စီးစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ညောင်မြစ် များ ကောင်းစွာအမြစ်မတွယ်မီကပင် ဖယ်ရှားရန် လိုအပ်လှပါသည်။ အဂတိလိုက်စားမှုများကိုလည်း ညောင်မြစ်ကဲ့သို့ပင် အမြစ်မတွယ်မီ အချိန်မီ ဖယ်ရှားရှင်းလင်းပစ်မှသာ နိုင်ငံသက်သာချောင်ချိ မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုတစ်ခုသည် သာမန်အားဖြင့် အရေးမကြီးဟုထင်ရသော်လည်း ယင်းကြောင့် ဖြစ်လာမည့်အကျိုးဆက်များသည် များပြားလှသည်ဖြစ်ရာ အဂတိလိုက်စားမှုကို မျက်ကွယ်ပြုနေခြင်း၊ ကြိုတင်မကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးမယူနိုင်ပါက ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအားနည်းလာပြီး အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်းနှင့် အုပ်ချုပ်ရေးစနစ်အတွင်းတွင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် အမြစ်တွယ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် **“အချိန်မီချုပ် အစုတ်သက်သာ”**ဆိုသလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

**“အဂတိလိုက်စားမှု တွန်းလှန်လို့ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းစို့”** ဟူသော ဆောင်ပုဒ်အရ လာဘ်ပေးလာဘ်ယူခြင်း၊ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရား ပျက်ပြားခြင်းဖြစ်လေသည်။ ကိုယ်ကျင့်တရားပျက်ပြားသူသည် လမ်းမှန်သို့ မရောက်ရှိနိုင်ပေ။ ကိုယ်ကျင့်တရားကောင်းမွန်အောင် မိမိကိုယ်တိုင် စောင့်ထိန်းလိုက်နာ ပြုပြင်ဆောင်ရွက်မှသာ လမ်းမှန်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ပြည်သူအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်တိုက်ဖျက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့လေသည်။ ထို့အပြင် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ၊ အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များသို့ ဝင်ရောက်ထားပြီး နိုင်ငံတကာနည်းတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှုသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သောအပြုအမူဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီ ဖြစ်စေရန် ပဉ္စမအကြိမ်အထိပြင်ဆင်ကာ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို ဟန့်တားထိန်းချုပ် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် အဂတိလိုက်စားမှုများ တွေ့မြင်သိရှိပါက အကြောင်းအရာ သက်သေပြည့်ပြည့်စုံစုံဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော်ထားလေသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ဆိုင်သော အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် **“ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး(Edutainment) အစီအစဉ်”**ကို တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောခဲ့လေသည်။ ထို့အပြင် ကျောင်းသားလူငယ်များ အသိအမြင်တိုးပွားလာစေရန်နှင့် လူငယ်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကို လက်မခံသည့် လူမှုဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန်ရည်ရွယ်၍ **“အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ”** စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ကျင်းပပေးနိုင်ခဲ့လေသည်။

ကလေးသူငယ် ကျောင်းသားလူငယ်များအား အသိပညာပေး ဆွေးနွေးဟောပြောခြင်းသည် မျိုးဆက်သုံးဆက်ကို အသိပညာဖြန့်ဝေပေးခြင်းမည်လေသည်။ ကလေးများသည် အိမ်၌ မိဘမောင်နှမများအား ပြန်လည်ပြောပြကြမည်ဖြစ်သလို ၎င်းတို့မိဘအရွယ် ရောက်လာပါကလည်း သားသမီးများအား ထပ်ဆင့်ပြန်လည်မျှဝေကြမည်ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသင့်လျော်ဆုံး ပညာပေးရေး နည်းလမ်းတစ်ခုဖြစ်ပါသည်။

ထို့အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သည့် ဆရာ ဆရာမများ မွမ်းမံသင်တန်းများ၌လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ဆွေးနွေးပို့ချနိုင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ပညာပေးရေးလုပ်ငန်းစဉ်များကို ပြည်သူများအကြား ရေဒီယို၊ ရုပ်မြင်သံကြား၊ ပိုစတာ၊ ဗီဒီယိုဇာတ်လမ်းများ၊ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲများ ပြုလုပ်ကျင်းပ၍ အသိပညာဖြန့်ဝေခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်ပါသည်။

**အဂတိပယ်ခွာ ပြည်သာယာ**

နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးသာယာတိုးတက်စေရန်မှာ အဘက်ဘက်မှ ဟန်ချက်ညီညီကောင်းမွန်နေစေရန် အလွန်အရေးကြီးလှပါသည်။ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာဖျက်ဆီးလျက်ရှိရာ နိုင်ငံသူနိုင်ငံသားအားလုံးက အတူတကွပူးပေါင်းတိုက်ဖျက်ကြရန် အရေးကြီးလှပါသည်။ အဂတိတရားကင်းစင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင်ကြရန် လိုအပ်လှပါသည်။

အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိသည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

**“ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်”** ဟူသောစကားပုံအရ အဂတိလိုက်စားမှု မဖြစ်ခင်ကပင် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းသည် အထိရောက်ဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အဂတိလိုက်စားခြင်း၏ ကောင်းကျိုးဆိုးကျိုးများကို ပြည်သူအားလုံး သိရှိမှသာ ကြိုတင်ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုကြောင့် ဥပဒေအရ အရေးယူခံရပါကလည်း မိမိတို့၏အနာဂတ်ရည်မှန်းချက်များ ပြိုလဲပျက်စီးနိုင်သဖြင့် အဂတိလိုက်စားမှုကို အထူးဂရုပြုရှောင်ကြဉ်သင့်ပေသည်။

အဂတိတရားကင်းစင်ပြီး တိုင်းပြည်သာယာဖွံ့ဖြိုးတိုးတက်စေရန် ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို စွဲကိုင်ကျင့်သုံးခြင်းဖြင့် ငြိမ်းချမ်းသာယာသောကမ္ဘာကြီးတစ်ခုတည်ဆောက်ကြရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါကြောင်း တင်ပြရင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

**ကိုးကား–**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
- **အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ Website စာမျက်နှာ**
- **အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ**
- **နိုင်ငံတော်အကြီးအကဲများ၏ သဝဏ်လွှာများ**
- **နေ့စဉ်ထုတ်သတင်းစာများ**



# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နယ်မြေဒေသအခြေအနေအရ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ အဓိကလုပ်ငန်းဖြစ်သော ပြည်သူတို့၏ တိုင်ကြားစာများကို စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ခွဲများအနေဖြင့် ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေအသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို တတ်နိုင်သမျှ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသူများက မိမိတို့အဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရာတွင် ပြည်သူများ၏ ဥပဒေရေးရာနစ်နာမှုများနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေအောင် မည်သို့ဆက်လက်လုပ်ဆောင်ကြမည်ကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း၊

**ပြောကြား**

တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရားမျှတမှု လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်လျက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ကြောင်း၊ အဆိုပါ ကော်မတီနှစ်ရပ်မှ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ၊ ဥပဒေအသိပညာပေး ဆွေးနွေးပွဲများ ကျင်းပမည့် အစီအစဉ်များနှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိအောင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများမှ အဖွဲ့ဝင်များကလည်း အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# Belt and Road တရုတ်-မြန်မာ မီဒီယာပူးပေါင်းရိုက်ကူးမှုအစီအစဉ်များ မိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ်ပြသခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**



China Media Group(CMG) နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) တို့ ပူးပေါင်းကျင်းပသည့် Belt and Road တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာ ပူးပေါင်းရိုက်ကူးမှု အစီအစဉ်များ မိတ်ဆက်ခြင်း အခမ်းအနားနှင့် တရုတ်သို့ ခြေဆန့်ခြင်း(China Walk) အစီအစဉ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

ဦးစွာ Belt and Road တရုတ်-မြန်မာ မီဒီယာပူးပေါင်းရိုက်ကူးမှု အစီအစဉ်များ မိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ်အား မိတ်ဆက်ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မြန်မာနှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ကာလများစွာ ကြာရှည်ခဲ့ပြီး ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ အလားတူ မိမိတို့ ပြန်ကြားရေး ဝန်ကြီးဌာနသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မီဒီယာများဖြစ်သည့် CMG၊ CCTV၊ CRI၊ ကွမ်ရှီးတီဗွီ၊ YMG၊ ဆင်ဟွာ စသည့် သတင်းဌာနများနှင့် ရုပ်သံဇာတ်လမ်းတွဲများ အပြန်အလှန်ထုတ်လွှင့်ပြသခြင်းအစီအစဉ်များ ပူးပေါင်းရိုက်ကူးခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပြသခြင်းကို ပိုမိုဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံပြည်သူများအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း၊ ယခု CMG နှင့် MRTV တို့ ပူးပေါင်းပြီး "စိမ်းလန်းတဲ့ စိုက်ခင်းကမ္ဘာ" စိုက်ပျိုးရေးဆိုင်ရာ မှတ်တမ်းရုပ်ရှင်တွဲအသစ် ရိုက်ကူးရေးကို ယခုပွဲတွင် ဆွေးနွေးကြမည်ဖြစ်၍ ကြိုဆိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တရုတ်-မြန်မာ မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ China Media Group(CMG)တို့က ရိုက်ကူးရေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တရုတ်သို့ ခြေဆန့်ခြင်း(China Walk)အစီအစဉ်အဖြစ် "အမှတ်တရ ယူနန်လက်ဖက်ရွာ"၊ "လှပကောင်းမွန်သော နယ်စပ်ခရီးစဉ်"၊ "မမေ့နိုင်တဲ့ ဟိုင်နန်"၊ "စိမ်းလန်းတဲ့စိုက်ခင်းများဆီသို့"၊ "အိမ်သို့ စာတစ်စောင်" စသည့် မှတ်တမ်းဗီဒီယိုများကို ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သတင်းစဉ်

## ရိုးရာအမှန် အမွေစစ် ဒို့ချစ်တဲ့ အတာသင်္ကြန်

❖ မြန်မာတို့၏ အစဉ်အလာ
မြန်မာတို့၏ မင်္ဂလာ
မြန်မာတို့အတွက် ဂုဏ်ယူစရာ
မြန်မာတို့အတွက် ပျော်စရာ
ရိုးရာစစ်မှန်၊ တာသင်္ကြန်ကို
ဝန်းရံညီညီ၊ ဖော်ထုတ်သည်ကြောင့်
ဖြစ်တည်ရလဒ်၊ ဖိုးမဖြတ်နိုင်
ဒြပ်မဲ့ယဉ်ကျေးမှု၊ စာရင်းစုဝယ်
ယခုမြန်မာ၊ သင်္ကြန်အတာသည်
ကမ္ဘာတစ်လွှား၊ လူသိများကာ
ထင်ရှားကျော်ကြားခဲ့ပြီတကား။

❖ မြန်မာအားလုံး
မဆုံးဂုဏ်ယူ၊ တံခွန်ထူကြ၊
သူ, ငါ မဆုံး
ပြုံး တပျော်ပျော်၊ မော် တလွှားလွှား
အားရဝမ်းသာ၊ ရှိကြပါသည်
လွန်စွာကြည်နူး၊ လန်းရွှင်မြူး။

❖ ဩော် .. နောင်ညီရင်းဆွေ၊ ဒို့တစ်တွေလျှင်
အမွေစစ်မှန်၊ တာသင်္ကြန်ကို
မူဟန်မပြယ်၊ ဂုဏ်မငယ်အောင်
မျိုးနွယ်စဉ်လာ၊ ကျော်စောဖြာအောင်
ကမ္ဘာနှစ်ချီ၊ အရှည်တည်အောင်
ရည်တူမြတ်နိုး၊ အချစ်တိုးလျက်
တန်ဖိုးထားတတ်ပါစေသတည်း။ ။

(မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ခဲ့သည့် အတာသင်္ကြန်ပွဲတော်သို့ ဂုဏ်ပြုလျက်)

မျိုးမြတ်မြတ်မြင့်မောင်

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့မှ (၇) ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် “Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် အဓိက ပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ အဆိုပြုစာတွဲ တင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်ဇေယျနှင့်သံရုံးဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်)၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းနှင့် လူနာတင်ယာဉ်ကူညီမှုအသင်း(ညောင်ဦးမြို့)၊ ပုဂံညောင်ဦးဧည့်လမ်းညွှန်များအသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ စစ်ကိုင်းမြို့နယ်ရှေ့နေများအဖွဲ့၊ နန်းဦးမြို့သစ်လူငယ်များ ဘုံဆွမ်းလောင်းအသင်း (စစ်ကိုင်းမြို့)၊ မွန်မြတ်သောစေတနာ ပရဟိတအသင်း(စစ်ကိုင်းမြို့)၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့(စစ်ကိုင်းမြို့)၊ စစ်ကိုင်းမြို့မဈေးမှ ဈေးသူဈေးသားများ၊ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ အောင်ဆန်းလူငယ်နာရေးကူညီမှုနှင့် ပရဟိတလူမှုအကျိုးပြုအဖွဲ့(နတ်မောက်မြို့)၊ မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၊ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့(စစ်တွေမြို့)၊ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ကျင်းပရေးကော်မတီတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့်သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာန၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ရန် အချက်အလက်များ ရှာဖွေစုဆောင်းပြုစု၍ ယူနက်စကိုသို့ အဆိုပြုစာတွဲများ အချိန်မီပေးပို့တင်သွင်းနိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ကြသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများအားလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား စေတီတော်အထွတ်မှ ဓမ္မာရုံအတွင်းသို့ ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၇**

ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား စေတီတော်အထွတ်မှ ဓမ္မာရုံအတွင်းသို့ ပင့်ဆောင်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မရမ်းကုန်းရပ် ကျိုက်သုတ်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်သည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မြစေတီစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မြစေတီစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်မှ ဓမ္မာရုံအတွင်းသို့ ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ( ၅၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

(၅၅)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ "ကူမင်းပန်းဈေးကွက် အလားအလာနှင့် ပန်းမန်ဆိုင်ရာ သုတေသနများအကြောင်း"ခေါင်းစဉ်ဖြင့် ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူကြီးများအနေဖြင့် ပန်းစိုက်ပျိုးသူအသင်းအဖွဲ့များ ဖွဲ့စည်း၍ စုပေါင်းဆောင်ရွက်စေလိုကြောင်း၊ အိမ်ခြံမြေအတွင်း ဥယျာဉ်ခြံစိုက်ပျိုးခြင်းအတွက် ပန်းမန်စိုက်ပျိုးမှုကို အထူးအားပေးလိုပါကြောင်း၊ ယာမြေပိုင်ဆိုင်သည့်တောင်သူများအနေဖြင့် ဈေးကွက်နှင့် ချိတ်ဆက်စိုက်ပျိုးတင်ပို့နိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန၊ Asia Flower Mall Myanmar Co,ltd. တို့နှင့် အားလုံးချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း၊ သဇင်၊ နှင်းဆီကဲ့သို့ ပန်းသုတေသနများ ပိုမိုတိုးတက်ဆောင်ရွက်စေလိုကြောင်းဆွေးနွေး ပြောကြားသည်။



ဆက်လက်၍ Asia Flower Mall Myanmar Co,ltd. မှ Director ဒေါ်ဖွေးဖွေးသန့်က ကူမင်းမြို့ရှိ Dou Nan ပန်းဈေးကြီးနှင့် ကူမင်းပန်းဈေးကွက် အလားအလာနှင့်စပ်လျဉ်း၍ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကိုလည်းကောင်း၊ Asia Flower Mall Myanmar Co,ltd. က ကူမင်းပန်းဈေးကွက်သို့တင်ပို့ရန် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပွဲကောက်ရွာ စုပေါင်းခြံတို့တွင် စိုက်ပျိုးထုတ်လုပ်နေမှု၊ ဈေးကွက်သို့တင်ပို့ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ဆက်စပ်၍ လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပန်းမန်သုတေသနဌာနစုမှ ဒေါ်နှင်းနှင်းနွယ်က ပန်းမန်ဆိုင်ရာသုတေသနများ ဆောင်ရွက်နေမှုအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးကြရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက သုတေသနနှင့် Asia Flower Mall Myanmar Co,ltd. တို့မှ တောင်သူများနှင့် ကုမ္ပဏီပူးပေါင်း၍ ကူမင်းပန်းဈေးကွက် ပို့ဆောင်နိုင်ရေး ရှေးဦးစွာဆောင်ရွက်ရမည့် သုတေသနများ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ ဇေယျာသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ တောင်သူ ၉၀ တို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများက Zoom point ၆၈ point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။



ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်ခံပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၄၇ ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ရှစ်ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၅ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၁၃၂ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၅၄ ဦး၊ နှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၅၂ ဦး စုစုပေါင်း ၃၀၈ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့် လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ် အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု ( ၆၈ )ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၀၃ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငှက်ပျောဖက်ဖြင့်ပြုလုပ်သော ရှမ်းရိုးရာပန်းကလပ် အလှပြင်ဆင်ခြင်းသင်တန်း ဖွင့်လှစ်

**တောင်ကြီး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ငှက်ပျောဖက်ဖြင့်ပြုလုပ်သော ရှမ်းရိုးရာပန်းကလပ် အလှပြင်ဆင်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်သင်တန်းနည်းပြဆရာမ ဒေါ်နန်းခမ်းလွင်က သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညိုမီစောက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူနှစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညိုမီစော၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများကျင်းပခြင်းအားဖြင့် အာရှနှင့် ကမ္ဘာအတွက် ကောင်းမွန်စေနိုင်သော အကြောင်းတရားများ

**၂၀၂၅ အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများကျင်းပရေး ဖြစ်နိုင်ခြေက မြန်မာနိုင်ငံကို တည်ငြိမ်ပြီး သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ပြောင်းလဲပေးမည့် အလားအလာကောင်းများ ဖြစ်သည်။**

နိုင်ငံတစ်ဝန်း သောင်းကျန်းမှု အရှိန်အဟုန်မြင့်မားနေမှုနှင့် ရင်ဆိုင်နေရသော မြန်မာအစိုးရသည် ချစ်ကြည်သင့်မြတ်သော နိုင်ငံရေးအသွင်ကူးပြောင်းရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဒီမိုကရေစီ အရပ်ဘက်အုပ်ချုပ်ရေးအတွက် လမ်းခင်းပေးသည့် အနေဖြင့် လာမည့်နှစ်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပရန် မှုအားဖြင့် ဆုံးဖြတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာဏာပိုင်များအား ၎င်း၏အစိုးရသည် လာမည့်နှစ်တွင် ပြည်တွင်းနှင့်နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရွေးကောက်ပွဲကျင်းပပေးမည့် လှုပ်ရှားမှုကို ကမ္ဘာ့နိုင်ငံများက ကြိုဆိုကြရမည်ဖြစ်သည့် ခိုင်မာသော အကြောင်းတရား သုံးရပ်ရှိနေသည်။

**ပထမ** အကြောင်းတရားအနေဖြင့် မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိစေမည့် လူထုဆန္ဒမဲများကို အခြေခံသော ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ငြိမ်းချမ်းသော မြန်မာနိုင်ငံသည် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိလာကာ အရှိန်အဟုန်ဖြင့် တိုးတက်မှုရစေမည့် မောင်းနှင်အား (အင်ဂျင်) ဖြစ်လာနိုင်သည်။

**အာရှကျားဖြစ်လာနိုင်**

နေပြည်တော်သည် စီးပွားရေးအသွင်ကူးပြောင်းမှုကို ထိန်းကျောင်းရန် ကောင်းမြတ်သောဂုဏ်အင်္ဂါများရှိသောကြောင့် မြန်မာနိုင်ငံသည် လာမည့် အာရှကျား ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိနေပြီး ဤအရင်းအမြစ်များကို ထိရောက်စွာအသုံးချပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် အလားအလာရှိသည်။

တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းကုန်းပြင်မြင့်တွင် ငွေ၊ ခဲ၊ သွပ်နှင့် ရွှေ ဓာတ်သတ္တုသိုက်များ အများအပြားတည်ရှိသည်။ ထို့အပြင် ဤဒေသသည် ပတ္တမြားနှင့် နီလာများ ပေါများသော ရတနာသိုက်များ တည်ရှိခြင်းကြောင့် ကျော်ကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ထင်ရှားသောနေရာဖြစ်သည့် မိုးကုတ်မြို့တွင် ကျယ်ကျယ်ပြန့်ပြန့် တူးဖော်လျက်ရှိသည်။ သံဖြူနှင့် အဖြိုက်နက်သိုက်များကို ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တောင်တန်းဇုန်ဖြစ်သည့် တနင်္သာရီဒေသတွင် တွေ့ရှိနိုင်သည်။

၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ ကြေးနီတူးဖော်မှုသည် မန္တလေးမြို့ အနောက်မြောက်ဘက် ၁၃၆ ကီလိုမီတာအကွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြီးဆုံးမြို့ဖြစ်ပြီး ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော မုံရွာဒေသတွင် တိုးချဲ့ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်သည် ကျောက်စိမ်းသိုက် အမြောက်အမြားတည်ရှိခြင်းကြောင့် ကမ္ဘာ့မြေပုံပေါ်တွင် ထင်ရှားသော အမှတ်အသားရှိသည်။ မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့် ယှဉ်တွဲလျက် ရေနံသိုက် စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံတည်ရှိနေပြီး အာရှ၏ စွမ်းအင်ပိုင်နိုင်ငံလည်းဖြစ်သည်။ စွမ်းအင်သိုက်အများစုကို ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့ရှိနိုင်သော်လည်း မြန်မာနိုင်ငံ မကွေးတိုင်းအတွင်းတွင်လည်း ကုန်းတွင်းရေနံမြေအချို့မှ ထုတ်လုပ်လျက်ရှိသည်။ စုစုပေါင်း နိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းက ကြီးကြီးမားမား ဖြည့်ဆည်းပေးသည်။

ကမ္ဘာပေါ်တွင် သတ္တမမြောက် ဆန်အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အာရှတွင်အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ဒုတိယ** အကြောင်းတရားအနေဖြင့် အောင်မြင်သော အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများသည် အာရှတစ်လွှား ဒေသဆိုင်ရာ သာယာဝပြောမှုကို ဖြစ်ပေါ်စေနိုင်သည်။ အဓိကအချက်မှာ မြန်မာနိုင်ငံသည် ကြွယ်ဝသော သဘာဝအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော ငယ်ရွယ်သူလူဦးရေရှိသည့်အပြင် ထူးခြားသော ပထဝီဝင် စီးပွားရေးတည်နေရာအရ ဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှနိုင်ငံကြီးနှစ်နိုင်ငံနှင့် ဘုံနယ်နိမိတ်ကို မျှဝေပိုင်ဆိုင်ခြင်းဖြင့် အိန္ဒိယနှင့် တရုတ်တို့အကြား ပေါင်းကူးတံတားတစ်ခု ဖြစ်နိုင်သည်။

မြန်မာနိုင်ငံသည် မြောက်ဘက်တွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး အရှိန်အဟုန်တိုးတက်နေစဉ်မှာပင် နေပြည်တော်ရှိ အစိုးရသည် တောင်ပိုင်းတွင် အိန္ဒိယနှင့် အထူးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ရန် ဆုံးဖြတ်ထားသည်။ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် အောက်တိုဘာ ၂၃ ရက်က ကာဇန်၌ ကျင်းပသော BRICS ထိပ်သီးအစည်းအဝေးကာလတွင် သီးသန့်တွေ့ဆုံပြီးနောက် အိန္ဒိယနှင့် တရုတ်အကြားဆက်ဆံရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာကာ တရုတ်၊ မြန်မာနှင့် အိန္ဒိယတို့ကို အပြန်အလှန်ချိတ်ဆက်ပေးသည့် အကျိုးရှိသော မိတ်ဖက်အဖွဲ့အစည်းတစ်ခု ထူထောင်ရန် အနာဂတ်တွင် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာနိုင်သည်။

သုံးပွင့်ဆိုင်နိုင်ငံအုပ်စုအစီအစဉ်တစ်ရပ်ကို ချမှတ်နိုင်မည်ဆိုပါက အိန္ဒိယ၊ မြန်မာနှင့် တရုတ်တို့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမဆုံးသာဓကမဟုတ်ဘဲ နောက်ထပ်ပေါ်ထွက်လာမည့် သာဓကအသစ် ဖြစ်ပေမည်။ သုံးပွင့်ဆိုင် နိုင်ငံအုပ်စုသည် မြန်မာနိုင်ငံ ကမ်းလွန် "ရွှေ" သဘာဝဓာတ်ငွေ့တွင်း၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

**အိန္ဒိယ၏စိတ်ဝင်စားမှု လျော့နည်း**

တရုတ်နိုင်ငံ၏ **"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" " Belt and Road Initiative(BRI)"** မစတင်မီမှာပင် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စင်္ကြံတည်ဆောက်ရန် အစီအစဉ်များကို ထည့်သွင်းစဉ်းစားနေခဲ့ပြီးဖြစ်သည်။ တရုတ်- ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) သည် လွတ်လပ်ရေးရစဉ်အတွင်း အိန္ဒိယသို့ဝင်ရောက်ခဲ့သော မခွဲမခြား ကက်ရှ်မီးယားနယ်မြေကို ဖြတ်သန်းသည်။ BRI ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) ကို တရုတ်ကအဆိုပြုပြီးနောက် တရုတ်နိုင်ငံရှိ ကူမင်းအား အိန္ဒိယရှိ ကိုလ်ကတ္တားနှင့် ချိတ်ဆက်ရန် ဒီဇိုင်းထုတ်ထားသည့် BCIM စီးပွားရေးစင်္ကြံကို အိန္ဒိယ၏စိတ်ဝင်စားမှု လျော့နည်းသွားသည်။

ယင်းအနေအထားတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ကို တရုတ်နိုင်ငံက ရှေ့ဆက်ခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော မငြိမ်မသက်မှုများကြောင့် စိန်ခေါ်မှုများ ရှိလာသော်လည်း အစီအစဉ်ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

သို့ရာတွင် အနာဂတ်ကာလ အိန္ဒိယနှင့် တရုတ်အကြား ဆက်ဆံရေးတိုးတက်လာမည်ဆိုပါက အိန္ဒိယအထိ CMEC တိုးချဲ့မှုကို ထည့်သွင်းစဉ်းစားလာမည်မှာ သဘာဝကျပေလိမ့်မည်။ ထိုသို့သော ဆောင်ရွက်မှုသည် အထူးစီးပွားရေးဇုန်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အချာကျသော နေရာများ၊ မြို့ပြအသွင်ကူးပြောင်းမှု လှိုင်းသစ်များကို မြှင့်တင်ပေးပြီး ကျယ်ပြန့်သောဧရိယာတွင် သာယာဝပြောရေးကို တည်ဆောက်နိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှသို့ ဝင်ပေါက်ဖြစ်ပြီး အာရှအဝေးပြေးလမ်းစီမံကိန်း၏ ဗဟိုချက်တွင် တောင်အာရှနှင့် အာဆီယံကိုဆက်သွယ်နိုင်သည့် စင်္ကြံတစ်ခုဖြစ်သည်။ စိတ်ကူးဖြင့် သရုပ်ဖော်ကြည့်ပါက ဟိမဝန္တာရှိ ဘူတန်နှင့် ဗီယက်နမ်၏ ကမ်းရိုးတန်းအချက်အချာဖြစ်သည့် ဒါနန်းမြို့အထိ လမ်းသွယ်တန်းနေကာ ဒေသတွင်းတိုးတက်မှုကို မောင်းနှင်ရန် အခြားအင်ဂျင်တစ်ခု ထပ်မံပေါ်ထွန်းလာမည်ဖြစ်သည်။

**ချိတ်ဆက်မှုမြှင့်တင်နိုင်**

**တတိယ** အကြောင်းတရားအနေဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံရေးအကူးအပြောင်းအပြီးတွင် မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော **"နိုင်ငံစုံ လွှမ်းဆွဲမှု ကမ္ဘာ့အစီအစဉ်"** (Multipolar world) ကို အားကောင်းလာစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်သည့် အလားအလာရှိသည်။ ရွေးကောက်ပွဲအပြီးတွင် နိုင်ငံတည်ငြိမ်မှု တိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ အာဆီယံနှင့် အမေရိကန်တို့ကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချိတ်ဆက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့တောင်ဘက် ဖွံ့ဖြိုးဆဲ သို့မဟုတ် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအုပ်စု (The Global South) နိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်အောင် BRICS-plus အဖွဲ့တွင် မြန်မာနိုင်ငံပါဝင်ရန်လည်း စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ဤရှုထောင့်သည် အနောက်တိုင်းကြီးစိုးသော ကမ္ဘာလုံးဆိုင်ရာစနစ်အတွက် အခြားရွေးချယ်စရာများကို ရှာဖွေနေသည့် ကမ္ဘာ့တောင်ဘက် ဖွံ့ဖြိုးဆဲ သို့မဟုတ် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအုပ်စု ( The Global South )၏ တူညီသော အမြင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုစရိုက်လက္ခဏာ အစဉ်အလာကြီးမားသည့်နိုင်ငံ၊ သမိုင်းဆိုင်ရာ ဝိသေသလက္ခဏာများရှိသည့်နိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် မိမိ၏ယဉ်ကျေးမှုလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပြည်ပ ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ မြှင့်တင်နိုင်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်နှင့် ရုရှားတို့ကဲ့သို့သော ကြီးမားသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အချက်အချာကျသောနေရာတွင် ရပ်တည်နိုင်သည့် အခွင့်အလမ်းကောင်းကို ရရှိထားသည်။ ဤသည်မှာ အနောက်ဗဟိုပြု ကမ္ဘာလုံးဆိုင်ရာစနစ်၏ လွှမ်းမိုးမှုကိုတွန်းလှန်ရန် ကမ္ဘာ့နိုင်ငံများ၏ ပိုမိုကျယ်ပြန့်လာသော အားထုတ်မှုကို ထင်ဟပ်စေသည်။ ။

> **အနာဂတ်ကာလ အိန္ဒိယနှင့် တရုတ်အကြား ဆက်ဆံရေးတိုးတက်လာမည်ဆိုပါက အိန္ဒိယအထိ CMEC တိုးချဲ့မှုကို ထည့်သွင်းစဉ်းစားလာမည်မှာ သဘာဝကျပေလိမ့်မည်။ ထိုသို့သော ဆောင်ရွက်မှုသည် အထူးစီးပွားရေးဇုန်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အချာကျသော နေရာများ၊ မြို့ပြအသွင်ကူးပြောင်းမှုလှိုင်းသစ်များကို မြှင့်တင်ပေးပြီး ကျယ်ပြန့်သောဧရိယာတွင် သာယာဝပြောရေးကို တည်ဆောက်နိုင်ပေလိမ့်မည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှသို့ ဝင်ပေါက်ဖြစ်ပြီး အာရှအဝေးပြေးလမ်းစီမံကိန်း၏ ဗဟိုချက်တွင် တောင်အာရှနှင့် အာဆီယံကိုဆက်သွယ်နိုင်သည့် စင်္ကြံတစ်ခုဖြစ်သည်။ စိတ်ကူးဖြင့်သရုပ်ဖော်ကြည့်ပါက ဟိမဝန္တာရှိ ဘူတန်နှင့် ဗီယက်နမ်၏ ကမ်းရိုးတန်းအချက်အချာဖြစ်သည့် ဒါနန်းမြို့အထိ လမ်းသွယ်တန်းနေကာ ဒေသတွင်းတိုးတက်မှုကိုမောင်းနှင်ရန် အခြားအင်ဂျင်တစ်ခု ထပ်မံပေါ်ထွန်းလာမည်**

**(၃-၁၂-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Atul Aneja ၏ Why transitional elections in Myanmar would be good for Asia and the World ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။)**

**( Atul Aneja သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီအခြေစိုက် မဟာဗျူဟာလေ့လာသုံးသပ်သူဖြစ်ပါသည်)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်-မှန်ကုန်းလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ကျုံပျော် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်-မှန်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကွန်ကရစ်လမ်းသစ်တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းက ကွန်ကရစ်လမ်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကွန်ကရစ်လမ်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် (၀/၃) မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ဇူလိုင် ၂၀ ရက်တွင် လုပ်ငန်းစတင်၍ နိုဝင်ဘာ ၂၀ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကာ ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်အုပ်စုရှိ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၃၀၇ အိမ်၊ လူဦးရေ ၄၇၉၀ တို့အား အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မုံရွာ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများစိတ်အေးချမ်းသာစွာဖြင့် ကျန်းမာသန်စွမ်းစွာ ပညာသင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက်ရှိ အမှတ်(၂၅)အခြေခံပညာအလယ်တန်းကျောင်းဝင်း အတွင်းရှိသစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများအား တန်ဖိုးသင့် စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာကျွေးမွေး ဧည့်ခံကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၁ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၄၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင်မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျိုက်လတ် ဒီဇင်ဘာ ၇**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ယနေ့နံနက် ၈ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

**ချိုသာစွာဖြင့်ရောင်းချ**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာတွင် ကြက်သား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ နှုန်း၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ နှုန်း၊ ငါးခုံးမ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှုန်း၊ ဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၃၈၀ နှုန်း၊ ဘဲဥတစ်လုံးလျှင် ကျပ် ၅၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသောကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# ဝန်ကြီးချုပ်သစ်တစ်ဦးကို အမည်စာရင်းတင်သွင်းမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်ပြောကြား

**ပါရီ ဒီဇင်ဘာ ၇**

ပြင်သစ်သမ္မတ မက်ခရွန်သည် အယုံအကြည်မရှိမဲဖြင့် ဖြုတ်ချခံခဲ့ရသော ဝန်ကြီးချုပ် ဘာနီရာနေရာတွင် အစားထိုးရန်အတွက် လာမည့်ရက်ပိုင်းအတွင်း ဝန်ကြီးချုပ်သစ်တစ်ဦးကို အမည်စာရင်း တင်သွင်းမည်ဖြစ်ကြောင်း ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံရေးအင်အားစု အားလုံးကို ကိုယ်စားပြုသည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရန် ဝန်ကြီးချုပ်သစ်ကို ခန့်အပ်သွားမည်ဖြစ်ကြောင်း နိုင်ငံလုံးဆိုင်ရာ မိန့်ခွန်းတွင် မက်ခရွန်က ပြောကြားသည်။

ထို့ပြင် ပြည်သူများက သူ့အား ဒီမိုကရေစီနည်းကျ အပ်နှင်းထားသည့် ရာထူးအာဏာကို ၂၀၂၇ ခုနှစ်အထိ အပြည့်အဝ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သမ္မတ မက်ခရွန်က ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ဝန်ကြီးချုပ် ဘာနီရာ အစိုးရသည် လာမည့်နှစ် ဘတ်ဂျက်အစီအစဉ်ကို ပါလီမန်တွင် နောက်ဆုံးအကြိမ် ထောက်ခံမှုရယူရန် မဲခွဲဆုံးဖြတ်ခြင်းမရှိဘဲ အစီအစဉ်အထမြောက်အောင်မြင်စေရန် တွန်းအားပေး လုပ်ဆောင်ခဲ့သည်။

အတိုက်အခံပါတီများက ဝန်ကြီးချုပ် ဘာနီရာအား ရာထူးမှဖြုတ်ချရန် အဆိုတစ်ရပ်ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဘာနီရာ၏ အစိုးရသည် နှစ်လခွဲသာ အာဏာသက်တမ်းရှိခဲ့သည်။



ဝန်ကြီးချုပ်သစ် ရွေးချယ်တင်မြှောက်သည့်အချိန်အထိ ဘာနီရာသည် ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ပြောကြားသည်။

ပြည်သူ့ဝန်ဆောင်မှုများ ဆက်လက်တည်တံ့စေရေးအတွက် ဥပဒေမူကြမ်း တစ်ရပ်ကို ဒီဇင်ဘာလလယ်မတိုင်မီ တင်သွင်းမည်ဖြစ်ကြောင်း သမ္မတ မက်ခရွန်က ပြောကြားသည်။

ယခုနွေရာသီ၌ ကျင်းပမည့် ပါရီအိုလံပစ်နှင့် မသန်စွမ်းအားကစား ပြိုင်ပွဲများကို သာဓကအဖြစ် ကိုးကားပြီး နိုင်ငံ့အကျိုးအတွက် စည်းလုံးညီညွတ်ကြရန် ပြည်သူများအား သမ္မတမက်ခရွန်က တောင်းဆိုခဲ့သည်။

သို့သော် မက်ခရွန်အား သမ္မတရာထူးမှ နုတ်ထွက်ရန် တောင်းဆိုမှုမှာ ကြီးထွားလျက်ရှိပြီး ၎င်း၏ နိုင်ငံရေးသြဇာအာဏာသည် လျော့ကျလာကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# နာဆာက လစူးစမ်းလေ့လာရေးအစီအစဉ်များကို ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းအထိ ရွှေ့ဆိုင်းမည်

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန် အာကာသအေဂျင်စီ နာဆာသည် Apollo အစီအစဉ်မှ စတင်ကာ ၎င်း၏ လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်များကို ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းအထိ တစ်နှစ်နီးပါး ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း နာဆာ အုပ်ချုပ်မှုအကြီးအကဲ ဘေလ်နယ်လ်ဆန်က ယမန်နေ့တွင် ပြောသည်။

Artemis III မစ်ရှင်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ရန် ကနဦးစီစဉ်ထားကြောင်း သိရသည်။ ၎င်းအစီအစဉ်သည် ရာစုနှစ်တစ်ဝက်ကျော်အတွင်း ပထမဆုံး လကမ္ဘာပေါ်သို့ လူသားဆင်းသက်မှု အစီအစဉ် ဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် လမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုအစီအစဉ် Artemis II အကောင်အထည်ဖော်မှုကို ဆိုင်းငံ့ထားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် လကမ္ဘာကို စူးစမ်းလေ့လာရန် ၂၀၂၆ ခုနှစ် ဧပြီလအထိ ခုနစ်လ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ သို့သော် လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်များကို ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်း အထိ ရွှေ့ဆိုင်းမည်ဖြစ်သည်။

ယင်းသို့ ရွှေ့ဆိုင်းခြင်းသည် အာကာသယာဉ်မှူးများအတွက် အသက်ကယ်ထောက်ပံ့မှုစနစ်များကို ပိုမိုကောင်းမွန်စေရန်ဖြစ်ကြောင်း နာဆာက ပြောကြားသည်။ နာဆာ၏ ဆိုင်းငံ့မှုအစီအစဉ်များသည် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က နည်းပညာကုမ္ပဏီ တည်ထောင်သူနှင့် ပုဂ္ဂလိက အာကာသယာဉ်မှူး ဂျာရက်အစ္စမန်းအား နာဆာ၏အုပ်ချုပ်မှု အကြီးအကဲအဖြစ် ခန့်အပ်ရန် ရွေးချယ်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ ယာယီအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သည့် ကမ်းလှမ်းချက်အသစ်တစ်ခု အစ္စရေးအစိုးရ ကြေညာ

**ဂျေရုဆလင် ဒီဇင်ဘာ ၇**

ဂါဇာကမ်းမြောင်ဒေသ၌ ယာယီအပစ်အခတ်ရပ်စဲရေးနှင့် ဖမ်းဆီးထားသည့် ဓားစာခံအချို့ကို လွှတ်ပေးရန် ဟားမတ်စ်အား တောင်းဆိုသည့် ကမ်းလှမ်းချက်အသစ်တစ်ခုကို ယမန်နေ့တွင် အစ္စရေးအစိုးရက ကြေညာခဲ့ကြောင်း သိရသည်။

နှစ်ဖက်အကြား အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုသည် လပေါင်းများစွာကြာမြင့်လျက်ရှိပြီး လက်ရှိအချိန်အထိ ရလဒ်ထွက်ပေါ်ခြင်း မရှိသေးပေ။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးအဖွဲ့၏ စစ်ဆင်ရေးကြောင့် သေဆုံးသူ အရေအတွက်သည် ၄၄၀၀၀ အထိ ရှိလာခဲ့သည်။ ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးအဖွဲ့သည် လွန်ခဲ့သည့် တစ်နှစ်ကျော်က နယ်မြေအတွင်း ၎င်း၏စစ်ဆင်ရေးကို စတင်ခဲ့သည်။

ဟားမတ်စ်သည် ဂါဇာတွင် ဓားစာခံ ၁၀၀ ခန့်ကို ဖမ်းဆီးထားဆဲဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံအချို့ကို လွှတ်ပေးရန် ဟားမတ်စ်ကို တောင်းဆိုသည့် ကမ်းလှမ်းချက်အသစ်တစ်ခု အီဂျစ်ထောက်လှမ်းရေးအရာရှိများထံ သဘောတူညီချက်ရရှိရန် အတွက် တင်ပြထားကြောင်း သိရသည်။

အီဂျစ်အာဏာပိုင်များသည် အဆိုပါ ကမ်းလှမ်းချက်ကို မကြာသေးမီရက်များအတွင်း ကိုင်ရိုမြို့တော်ရှိ ဟားမတ်စ်ကိုယ်စားလှယ်များထံ တင်ပြခဲ့ကြောင်း သိရသည်။

ယာယီအပစ်အခတ် ရပ်စဲရေးသည် ရက်ပေါင်း ၄၂ ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကြာမြင့်နိုင်ဖွယ်ရှိပြီး အပစ်အခတ်ရပ်စဲရေးကို ညှိနှိုင်းရန် ဆန္ဒရှိကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောသည်။

ယင်းအဆိုပြုချက်တွင် အမျိုးသမီးဓားစာခံများအားလုံးနှင့် အသက် ၅၀ ကျော် အမျိုးသားသုံ့ပန်းများအားလုံးကို လွှတ်ပေးစေလိုကြောင်း ဖော်ပြထားသည်။

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ဟားမတ်စ်အဖွဲ့ ဖမ်းဆီးထားသည့် အမေရိကန်နိုင်ငံသား ခံယူထားသူများကို လွှတ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင် ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၀ ရက် သမ္မတရာထူးတာဝန်များစတင်ထမ်းရွက်သည့်အချိန်အထိတိုင် ဓားစာခံများကို လွှတ်ပေးခြင်းမရှိပါက ဟားမတ်စ်အဖွဲ့ တာဝန်ရှိသူများကို လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ ဖိအားပေးမှုသည် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်ရန် အထောက်အကူဖြစ်စေမည်ဟု အစ္စရေးက မျှော်လင့်ထားကြောင်း အမေရိကန်သတင်းဌာန Axios က သတင်းဖော်ပြသည်။

အဆိုပြုချက်အသစ်ကို ဟားမတ်စ်က မည်သို့တုံ့ပြန်မည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ဟားမတ်စ်အဖွဲ့သည် ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုထက် ပြီးပြည့်စုံသော အပြီးတိုင်အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# တာလီဘန်အဖွဲ့က အမျိုးသမီးများအား ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းများသို့ တက်ရောက်ခွင့် ပိတ်ပင်

**ကဘူး ဒီဇင်ဘာ ၇**



တာလီဘန် အဖွဲ့သည် အမျိုးသမီးများအား ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းများသို့ တက်ရောက်ခွင့် ပိတ်ပင်ခဲ့ကြောင်း ဒေသတွင်း မီဒီယာတစ်ခုက သတင်းဖော်ပြသည်။

ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းများသို့ အမျိုးသမီးများအား တက်ရောက်သင်ကြားခွင့်ကို လက်ခံခြင်းမပြုရန် ကြားဖြတ်အစိုးရ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဆေးဘက်ဆိုင်ရာ ပညာပေးအင်စတီကျူအကြီးအကဲများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

တာလီဘန်ခေါင်းဆောင် ဟီဘာတူလာရ် အာခုဇာဒါက အဆိုပါ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ယင်းသို့ ဆုံးဖြတ်ချက် ချမှတ်ရသည့် အကြောင်းရင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ဆေးဘက်ဆိုင်ရာ ကျောင်းသူများသည် ဒီဇင်ဘာ ၂ ရက်မှစပြီး ပညာရေးဆိုင်ရာ အဆောက်အအုံများသို့ ဝင်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။ တာလီဘန်တို့သည် ၂၀၂၁ ခုနှစ်တွင် အာဏာသိမ်းခဲ့ပြီး အလယ်တန်းပညာရေးကို မိန်းကလေးငယ်များ တက်ရောက်ရန် တားမြစ်ပိတ်ပင်ခဲ့သည်။

အာဖဂန်နစ္စတန် နိုင်ငံ၌ အမျိုးသမီးလူနာများကို အမျိုးသမီး ဆရာဝန်များက ကုသပေးရသည့်အတွက် ဆေးဘက်ဆိုင်ရာနှင့် သူနာပြုနယ်ပယ်တွင် ပညာသင်ကြားခြင်းကို အမျိုးသမီးများအား ခြွင်းချက်အဖြစ် ခွင့်ပြုထားသည်။

တာလီဘန်တို့၏ ယခုကြေညာချက် ထွက်ပေါ်လာပြီးနောက် နိုင်ငံတကာ လူ့အဖွဲ့အစည်းများအကြား ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။

နိုင်ငံအတွင်း၌ အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ အမှုဆောင်ဒါရိုက်တာ ကက်သရင်း ရူးဆယ်လ်က ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားပြီး အမျိုးသမီးများအား ဆေးပညာသင်ကြားခွင့်ကို ဆက်လက်ခွင့်ပြုပေးရန် ၎င်းက တောင်းဆိုခဲ့ ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# မကြာမီမှာလာတော့မည် မှီခိုရတာကောင်းပါသည်

• • • • • အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်) • • • • •

"မကြာမီ" တွင်ပါသော ဟထိုးမဲ့ "မီ" နှင့် "မှီခိုရတာကောင်းပါတယ်"တွင်ပါသော ဟထိုးရှိ "မှီ" တို့ကို မှားပြီးရေးတတ်ကြသည်ကို တွေ့နေရပါသည်။ ထိုကဲ့သို့ မှားရေးရခြင်းအကြောင်းမှာ စကားပြောရာတွင်ဖြစ်စေ၊ စာဖတ်ရာတွင်ဖြစ်စေ "မီ" နှင့် "မှီ" တို့သည် အသံတူနေသောကြောင့်ဖြစ်သည်။ စာရေးရာတွင် "မီ" ဟုရေးသော်လည်း "မှီ" ဟု ပြောကြသည်။ ဖတ်ကြသည်။ ထိုကဲ့သို့ "မီ" ကို "မှီ" ဟု အသံထွက်ဖတ်ကြသဖြင့် ဟထိုးမဲ့ "မီ" ကို ဟထိုးရှိ "မှီ" ဟု ထင်မှတ်မှားရေးကြခြင်းဖြစ်သည်။

မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော မြန်မာအဘိဓာန်တွင် မီကို –

မီ – (ကြိယာ) လှမ်း၍ ရောက်နိုင်၊ ထိနိုင်သည်၊ တိုင်ရောက်သည်။

ဟု အနက်ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် 'မီ' သည် "မိ" နှင့် အနက်ရင်းတူသည်။ "ထိမိ၊ ဆက်စပ်၊ ပူးတွဲ၊ ပေါင်းယှဉ်ညီမျှသည်။" အနက်ဖြစ်သည်။ "ရှေ့ကပြေးနေသောသူကိုလိုက်၍မိသည်။" ဟုဆိုရာတွင် "လိုက်၍မီသည်။"ဟူသောအနက်ဖြစ်သဖြင့် "မိသည်"ဟု အနက်ရ၍ ဟထိုးမဲ့ "မီ" ဖြင့်သာ ရေးရသည်။ အမြင့်တွင်၊ ဘေးတွင်၊ အနိမ့်တွင်ရှိနေသည့် အရာဝတ္ထုတစ်ခုကို "လက်လှမ်းမီ သည်" ဟုဆိုလျှင် "လှမ်း၍ထိသည်" ဟူသော အနက်ဖြစ်သဖြင့် ဟထိုးမဲ့ "မီ" နှင့် ပင်ရေးရမည်။

"မီ" ဟူသော အသုံးနှင့်ပတ်သက်၍ တင်ပြရသော အရာဝတ္ထုတစ်ခုကို စံသတ်မှတ်ချက်ထက် လျော့နည်းခြင်းမရှိ၊ ပိုလည်းမပိုသည်ကို "စံချိန်မီသည်" ဟုလည်းကောင်း၊ ယနေ့ခေတ်တွင် ခေတ်နှင့်အညီ လူနေမှုပုံစံခေတ်ရေစီးနှင့် လိုက်လျောညီထွေရှိလျှင် "ခေတ်မီ" သည်ဟု လည်းကောင်း၊ လူတို့သည် မိမိတို့သွားလိုရာသို့ ခရီးသွားရာတွင်လည်းကောင်း၊ ကျောင်းသွားရာတွင်လည်းကောင်း အချိန် သတ်မှတ်ချက်ထက်မပိုမလို အချိန်ကိုက်ဖြစ်သည်ကို "အချိန်မီ" သည်ဟု ရေးသားသုံးနှုန်းပါသည်။

ဤသို့အားဖြင့် "မီ" နှင့်ပတ်သက်၍ အချုပ်အားဖြင့်ဆိုရသော် ကြိယာဖြစ်သည့် "မီ"သည် "မိသည့် အနက်" တူညီ၊ ကိုက်ညီ၊ ညီမျှသည့် အနက်ကိုဆိုလိုလျှင် ဟထိုးမဲ့ "မီ" ကို အသုံးပြုရမည်ဖြစ်သည်။ "ခေတ်မီသည်"၊ "စံမီသည်"၊ "ရထားမီသည်"၊ "အချိန်မီသည်" စသည့်အနက်ကို ဖော်ဆောင်ပါသည်။

"မီ" ကို မြန်မာအဘိဓာန်တွင် ကြိယာအနေဖြင့်သာမက ပစ္စည်းအဖြစ်သုံးသည်ကိုလည်း တင်ပြလိုပါသည်။

မြန်မာအဘိဓာန်တွင် "မီ" သည် "မ" နှင့်တွဲ၍ အချိန်မတိုင်သေးခင်အနက်ဖြင့် ထောက်ပံ့သော စကားလုံးဟု အနက်ဖွင့်ဆိုထားပါသည်။

ယင်း "မီ" ကို "မ" နှင့်တွဲ၍ "မကြာမီ"၊ "မစားမီ"၊ "မလာမီ"၊ "မပြောမီ"၊ "မသွားမီ" စသည်ဖြင့်သုံးသည်။ "မ" တွဲသုံးသော "မီ" ၏အသုံးကို "ခင်" ဟူသော စကားလုံးနှင့် ဖလှယ်သုံးနိုင်ပါသည်။ ထိုအခါ "မကြာခင်"၊"မစားခင်"၊ "မလာခင်" "မပြောခင်"၊ "မသွားခင်" ဟူ၍ဖြစ်သည်။ ကြိယာ "မီ" ၏ အနက်ဖြစ်သည့် ထိမိ၊ တိုင်ရောက်သည် အနက်ဖြစ်သည်။ "မကြာမီ" ဟုဆိုလျှင် ကြာသည့်ကာလသို့ မရောက်သေးဘဲဟူသောအနက်ဖြစ်သည်။ ဟထိုးရှိ "မှီ" ၏ အနက်ကို မြန်မာအဘိဓာန်တွင်–

မှီ (ကြိယာ) – ၁။ တစ်စုံတစ်ရာကို ယှဉ်ကပ်အားပြုသည်။

၂။ အားကိုးအားထားပြုသည်။

ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဟထိုးရှိ "မှီ" ၏ အနက်မှာ "မှီစေသည်"၊ "မှီအောင်ပြုသည်" ဟူသော အနက်ရှိသည်။ "တိုင်ကိုမှီသည်" ဟုဆိုသည်မှာ တိုင်နှင့်ထိအောင် မိအောင်ပြုသည်။ တိုင်ကိုမိစေသည်ပင်ဖြစ်သည်။ အရာဝတ္ထုတစ်ခုခုအကြောင်းအရာတစ်ခုခုတွင် မိမိရရ တွယ်ကပ်ချိတ်ဆွဲ ထိမိစေသည်ကို မှီသည်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် "ကြီးရင်မှီငယ်ရင်ချီ" ဟု ဆိုရာတွင် ကြီးသည့်သူကို အားကိုးထိမိအောင်ပြုခြင်းဖြစ်သည်။"မှီခို"၊ "မှီငြမ်း"၊ "မှီတင်း"၊ "မှီဝဲ"၊ "မှီအုံး" တို့တွင် ဟထိုးရှိမှီဖြင့် ရေးသားရပါသည်။

အထက်ဖော်ပြပါ ဟထိုးမဲ့ "မီ" နှင့် ဟထိုးရှိ "မှီ" အသုံးအနှုန်းကို "ရေးထုံးငယ်စံမီ၊ မှီငြမ်းငယ်ပြုပါလို့ "မီ" နှင့် "မှီ" မရှုပ်ထွေးရအောင် ရေးကြပါစို့" ဆိုသည့်အတိုင်း "မကြာမီတွင်လာတော့မည် မှီခိုဘဝက လွတ်မြောက်ရန်အတွက် ခေတ်မီသည့် ကားကြီးစီးပြီး မကြာမီတွင် ပန်းတိုင်ကို အချိန်မီရောက်အောင် လာပါတော့မည်"ဟု ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

## ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဒီဇင်ဘာ ၇

ကယားပြည်နယ်၌ ဒေသဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်ကွဲစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်နေမှု၊ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘီလူးချောင်းရေဝင်ရောက်ခဲ့မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များတွင် ကျန်ရှိနေသည့် ရေများစုပ်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုအားပေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာတောင်ကွဲစေတီတော်သို့ ရောက်ရှိကာ ပြည်လုံးချမ်းသာစေတီတော်ကြီးနှင့် အရံစေတီတော်များအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကုသိုလ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ဘူတာလမ်း ပေ(၃၇၃၀x၃၀)အား ကတ္တရာကွန်ကရစ်(AC)အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးစောနေခလီးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကတ္တရာကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ လမ်းတစ်လျှောက်ရှိ ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများ စနစ်ကျသပ်ရပ်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် လွိုင်ကော်–လောပိတလမ်း ၃ ဒသမ ၅ ကီလိုမီတာအား ကတ္တရာကွန်ကရစ်(AC)ခင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယာယီရေဘေးရှောင်စခန်းများမှ ပြည်သူများအား ၎င်းတို့၏နေအိမ်များတွင် အမြန်ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ဒေါ်နိုးကူးရပ်ကွက် အနိမ့်ပိုင်းနေရာများတွင် ဘီလူးချောင်းရေဝင်ရောက်ပြီး ကျန်ရှိသည့်ရေများအား ရေနုတ်မြောင်းများမှတစ်ဆင့် ဘီလူးချောင်းအတွင်းသို့ စုပ်ထုတ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော

တပ်ကုန်း ဒီဇင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မြို့မဈေး မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြှိမ်းသတ်ရေး ဓာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့မဈေး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟိန်းအောင်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် မီးသတ်ဆေးဘူးဖြင့် အလျင်အမြန်မီးငြှိမ်းသတ်ပုံ နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းအောင်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကာ ဈေးသူ ဈေးသားများက မီးငြှိမ်းသတ်နည်းများကို ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## မြဝတီခရိုင်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

မြဝတီ ဒီဇင်ဘာ ၇

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းနှင့် မူလွန်(မြဝတီ)ကျောင်းတို့၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက မီးခိုးမြူငွေ့ကြောင့် လူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများ၊ အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူး သက်ဇော်ထွန်းက လူကုန်ကူးမှု မခံရစေရန် သတိပြုရမည့်အချက်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက လွတ်လပ်ရေး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရေး တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ် (၁၀၆-၇၂) မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၀-၆၇) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး -တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး - နှစ်ဂိုး၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ကိုးဂိုး- သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး -ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘော (ဆီမီးဖိုင်နယ်) ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ကျင်းပရာ အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (A) ရုံ၌ ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက

စာမျက်နှာ ၁၇ သို့


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❍ စာမျက်နှာ ၁၆ မှ

ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုနှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆၇ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို ငါးယောက်အသာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ယောက်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၁၁ မှတ်အသာဖြင့်လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးယောက်အသာ၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ခြောက်ယောက်အသာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ယောက်အသာ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို တစ်ယောက်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ (အကျော့မဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ( အကျော့ပေး)၊ အသင်းလိုက်ပြိုင်ပွဲ (အကျော့မဲ့) နှင့် အသင်းလိုက်ပြိုင်ပွဲ (အကျော့ပေး) ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသား



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(၅၇) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ရခိုင်ပြည်နယ်မှ ကျော်စွာမင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးက မကွေးတိုင်းဒေသကြီးမှ လဝန်းအောင်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်မွှောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အာကာဖြိုးဝေကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောလှဟန်အေးက မန္တလေးတိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား (၇၁) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ သက်ကျော်ထွေးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းက မွန်ပြည်နယ်မှ ဇင်မင်းအောင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ သူရဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ခိုင်မြင့်အောင်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ရန်ကုန်တိုင်းဒေသကြီးမှ အံ့ထူးနိုင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျန်ဆန်က မကွေးတိုင်းဒေသကြီးမှ သာလင်းထက်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ဧရာဝတီတိုင်းဒေသကြီးမှ ငြိမ်းပြည့်စုံကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းငယ်ငယ်ထူးကို လည်းကောင်း၊ မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးက ကရင်ပြည်နယ်မှ ပပဝင်းကိုလည်းကောင်း၊ အမျိုးသမီး (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ဧရာဝတီတိုင်းဒေသကြီးမှ နော်သီရိစန္ဒာကိုလည်းကောင်း၊ အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ကရင်ပြည်နယ်မှ နန်းအေးသန္တာအောင်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းက မွန်ပြည်နယ်မှ ငြိမ်းအေးသူကို လည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က မန္တလေးတိုင်းဒေသကြီးမှ အိအိထွေးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်က တနင်္သာရီတိုင်းဒေသကြီးမှ မာလာစိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးကြသည်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ဆုတံဆိပ်များ ရရှိမှုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် စစ်ကိုင်းတိုင်းဒေသကြီးက ရွှေတစ်ခု၊ မွန်ပြည်နယ်က ရွှေတစ်ခု၊ ကရင်ပြည်နယ်က ငွေတစ်ခု၊ ရခိုင်ပြည်နယ်အသင်းက ငွေတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေးတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးက ကြေးတစ်ခု၊ မသန်စွမ်းအားကစားနည်းပြိုင်ပွဲများတွင် ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေငါးခု၊ ကြေး လေးခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ ရှစ်ခု၊ ငွေ ငါးခု၊ ကြေး ခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေခုနစ်ခု၊ ငွေခုနစ်ခု၊ ကြေးငါးခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေလေးခု၊ ငွေကိုးခု၊ ကြေး ၁၁ ခု၊ မွန်ပြည်နယ်က ရွှေလေးခု၊ ငွေခုနစ်ခု၊ ကြေးလေးခု၊ ပြည်ထောင်စုနယ်မြေနေပြည်တော်က ရွှေ လေးခု၊ ငွေငါးခု၊ ကြေးခြောက်ခုတို့ကို ဆွတ်ခူးရရှိထားကြကြောင်း သိရသည်။

**သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ် အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာန အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ငြိမ်းအေးသူနှင့် ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘော ဆီမီးဖိုင်နယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်

ဝတ္ထုတို

❃ ဆောင်းမာန်ဝင့်အောင်
(တောင်ကြီး)




(၁)

"ကိုဖိုးတေကတော့ အချိန်မှန်ပဲ့.. ငါတို့အရင် ရေတွင်းကိုရောက်နေပေါ့.."

"ဟုတ်ပ့ါအေ.. မနက်အစောကြီး ထသွားတာလေအေ.. ဘယ်နှခေါက်ရှိပြီ လည်းမသိ"

"ညည်းတို့အေ..အဲဒါသူ့အလုပ်ပဲအေ၊ ခပ်စရာရှိတာခပ်ကြပေ့ ခဏနေ နေကပူ တော့မယ်"

ရွာသူအပျိုမတစ်သိုက် ရွာရေတွင်းဝယ် ငြင်းရင်းခုံရင်း ရေအိုးကိုယ်စီနှင့် စကား အစုံပြောမကုန် ဖြစ်နေကြသည်။ ရေခပ် ကြရင်း ရွာထဲက ရေထမ်းရောင်းသော ကိုဖိုးတေကြီးကို စနောက်နေကြခြင်းဖြစ် သည်။ သူတို့ ဘယ်လိုစကားပြောပြော အပြုံးမပျက်ဘဲ သူ့အလုပ်သူ လုပ်နေသူက ကိုဖိုးတေပင်။ သူ့ရေထမ်းပုံးတွေ ရေဖြည့် ပြီးတော့ ရွာသူအပျိုတစ်သိုက်၏ ရေအိုး တွေကိုလည်း အလိုက်သင့် ရေငင်ပေး သည်။ သဘောမနောကောင်းသူကြီးမို့ တစ်ရွာလုံးကချစ်ကြသလို ကိုယ့်အစ်ကိုကြီး လိုသဘောထားပြီး ချစ်စနိုးဖြင့်စနောက်နေ ကြခြင်းဖြစ်သည်။ သဘောရိုးကြသူများမို့ ဘာအရောင်မှမပါသည့် အဖြူသက်သက် ကလေးများသာဖြစ်သည်။

"ကိုကြီးဖိုးတေတို့ကတော့ အလုပ် ကြိုးစားတယ်ပေ့၊ တွေ့နေပြီထင်တယ် နော်"

"ဟုတ်ပ့ါ မိညိုရေ၊ တို့ကိုကြီး မရိုး တော့ဘူးတော့"

"ယူရင်လည်း ကြိုပြောပါတော် လက်ဖွဲ့ဖိုးစုထားရအောင်"

"သတို့သမီးအရံလည်း လုပ်ပေးမှာ နော် ကိုဖိုးတေကြီး"

ရွာသူတစ်သိုက်၏ စကားများကြောင့် မျက်နှာကြီးနီကာ ကိုဖိုးတေကြီး ထွက်ပြေး သွားတော့သည်။ သူ့ရေထမ်းပုံးတွေတော့ မမေ့ပေ။ အရှက်အကြောက်ကြီးသော လူပျိုကြီးမို့ အားလုံးက ပိုရှိဝိုင်းစနေကြ ခြင်းဖြစ်သည်။ ထွက်ပြေးသွားသော ကိုဖိုးတေကြီးကို ကြည့်၍ အားလုံးသဘော ကျစွာ ရယ်မောကြရင်း ရေအိုးကိုယ်စီရွက် ကာပြန်လာကြတော့သည်။ အရှေ့တောင် ဆွယ်ကြားမှ သူရိန်နေမင်းကြီးက လောကကြီးကို အပူဓာတ်ပေးဖို့ ထွက်ပေါ် လို့လာပေပြီ။

(၂)

ကိုဖိုးတေဆိုသူက ဒီညောင်ပင် သာရွာသား။ တစ်ကိုယ်တည်းလူပျိုကြီး။ မောင်နှမသားချင်းလည်းမရှိ။ ရေထမ်း ရောင်းရင်း မိခင်အိုကြီးကို လုပ်ကျွေးနေ သူမို့ တစ်ရွာလုံးကလည်း ချစ်ကြသည်။ တစ်ရွာလုံးကလည်း သနားကြသည်။ အသက်သာကြီးလာသည်။ သို့သော် ဉာဏ်ရည်ကပုံမှန်မဟုတ်တော့ တချို့ ခိုင်းသာ ခိုင်းကြသည်။ အခကြေးငွေ ပြည့်ပြည့်ဝဝ မပေးကြချေ။

ရွာထဲက ပိုက်ဆံရှိ၊ လယ်ပိုင်၊ ယာပိုင် တွေကပိုဆိုးသည်။ ဘဝတူတွေကတော့ ဖေးမကူညီကြသည်။ သူတို့သားအမိ အတွက်ဟင်း၊ထမင်း၊အသီးအရွက်ကအစ သနားလို့ပေးကြသည်။ မနက်လင်းမှသည် ညနေနေဝင်ချိန်အထိ ကိုဖိုးတေ ရေထမ်း နေသူဖြစ်သည်။ ပင်ပန်းလျှင် ရွာထိပ် ညောင်ပင်ကြီးမှာ နားရင်းအပန်းဖြေ အိပ်ပျော်နေတတ်သည်။ သဘောကောင်း၊ ခိုင်းကောင်း၊ ဖင်ပေါ့၍လည်း ကိုဖိုးတေတို့ အလုပ်နဲ့လက် မပြတ်ပေ။ နွေ၊ မိုး၊ ဆောင်း အလုပ်တွေက တန်းစီနေသည်။

ရေထမ်းပေးရင်း နွားစာကျွေးကူ သည်။ ထင်းခွဲကူသည်။ အိမ်သန့်ရှင်းရေး လည်း လုပ်ပေးတတ်၍ လူကြီး၊ လူငယ်၊ ကျား၊ မ အားလုံး ကိုဖိုးတေကြီးကို ချစ်ကြသည်။ မစာမနာခိုင်းကြပြီး အဖိုးအခ မပေးချင်ကြသော လယ်ပိုင်၊ ယာပိုင် အိမ်ကြီးရှင်တို့ကတော့ ဘယ်သူထောမနာ ပြုပြု ဂရုမစိုက်တတ်ကြပေ။ ဖိုးတေကို တန်အောင်ခိုင်းသည်။ ယုတ်စွအဆုံး အိမ်ကြမ်းတိုက်၊ အိမ်သာပါဆေးခိုင်း သည်။ မြင်သူတွေက သနားကရုဏာ ဖြစ်ကြတော့ ရန်ပွဲတွေဖြစ်ရသည်။ ဖိုးတေ နှင့်ပေးစားဆဲခံရတော့ အားလုံးက မမြင် ချင်ယောင် ဆောင်နေကြတော့သည်။ ဖိုးတေကိုယ်တိုင်ပဲ အရင်ဘဝက အကြွေး ရှိ၍ ခုဘဝမှာ သူတို့ကို ကျွန်ခံဆပ်နေ ရတာဟု စိတ်မကောင်းစွာပြောရင်း ကြည့်နေကြရတော့သည်။

"ဒေါ်မြိုင်ကြီးကတော့ လွန်တယ်ဟာ ရေခပ်ခိုင်းရုံတင်မကဘူး၊ ထင်းခွဲ၊ ချုံရှင်း၊ သူ့အိမ်သာပါဆေးပေးရတာ၊ တန်ရာ တန်ကြေးတော့မပေးဘူး"

"ရွာတောင်ပိုင်းက ဦးအောင်ဒင်လည်း တူတူပါပဲဟာ၊ တစ်နေကုန်ခိုင်းပြီးတော့ ပေးတော့ဆန်လေး လေးဘူးတဲ့၊ ယုတ်မာ လိုက်ကြတာ"

"ဟုတ်ပ့ါဟယ် တစ်နေ့ဝဋ်လည်မယ် သင်းတို့"

"ငါတို့မရှိသူ အချင်းချင်းတောင် စာနာစိတ်ရှိကြတယ်၊ သူတို့ စိတ်ဓာတ် တွေကို အံ့သြသလို ရွံလည်း ရွံမိတယ်"

"ကိုဖိုးတေကြီးကိုယ်တိုင်က ကံဆိုး ရှာပါတယ်ဟယ်"

ဘဝတူချင်းတွေကတော့ လူကောင်း တစ်ယောက်လို ပုံမှန်စိတ်လေးမရှိ သည့် ကိုဖိုးတေကို စာနာသနားကြသည်။ စိတ်ဓာတ်မမှန် လူ့အတ္တတွေကတော့ သနားဖို့ဝေးစွ။ အလကားရလျှင် ဘာမှ မပေးဘဲ တစ်နေကုန်အောင် ခိုင်းချင်ကြ သည်။ သာမာန်လူလိုဆိုရင်တော့ သည်းခံ မှာမဟုတ်ပေ။ ကိုဖိုးတေမို့ သူတို့ပြုသမျှ နုရလေပြီ။ ဘေးကလူတွေကသာ ပြဿနာမဖြစ်ချင်ကြ၍ မမြင်ချင်ယောင် ဆောင်နေကြခြင်းဖြစ်သည်။

(၃)

"ဖိုးတေ မနက်ဖြန် အရီးညှက်အိမ် နော်"

"ဟေ့ မောင်ဖိုးတေ ဘဒွေးတို့အိမ် တော့ နောက်ရက်နော်"

"ဖိုးတေရေ ဒေါ်ဘုတ်တို့အိမ် ညနေ ထည့်ပေးပေ့ ရေမရှိတော့ဘူး"

"ဟုတ်..ဟုတ်"

ချွေးဒီးဒီးကျနေတာတောင် အပြုံး မပျက်ပေ။ အပူလောင်၊ နေလောင်ဒဏ်နှင့် မည်းညစ်သော အသားအရေ၊ ဟောင်းနွမ်း နေသော အသွင်ရှိပေမယ့် အပြုံးနှင့် ဟန်ဆောင်မှုကင်းသော ကိုဖိုးတေကြီးက သူတို့အတွက် ခင်မင်စရာကောင်းသော လူရိုးကြီးပင်ဖြစ်သည်။ စာနာမှုကင်းသည့် သူ။ အလကားရလျှင် လိုတာထက် ပိုခိုင်း သူများကိုလည်း မေတ္တာမပျက်ဘဲ မနား မနေလုပ်ပေးတတ်သည်။

"ဟေ့..ဖိုးတေ အိမ်နောက်က သစ်ပင် ကြီး ခုတ်ပေးခဲ့"

"ကြက်ခြံ သန့်ရှင်းရေးလုပ်ပေးခဲ့ဟေ့"

"နွားချေးတွေလည်း ကျုံးပေးခဲ့စမ်းဟာ"

"ထင်းလည်း ပေါက်ခဲ့ဟေ့"

တစ်နေကုန်ခိုင်းလို့ ညနေပြန်ခါနီး ပိုက်ဆံလေးပေးချိန် မသိချင်ယောင် ဆောင်နေကြသူတွေလည်း ရှိသည်။ ဘာမှမပြောပေမယ့် လက်လေးပိုက်လို့ စောင့်နေတတ်သည်။ ညနေ အမေ့ဖို့ ဟင်းစားဖိုးလေးရလျှင် ကျေနပ်နေသူဖြစ် သည်။ ရေထမ်းရောင်းနေပေမယ့် အခကြေးငွေ သတ်မှတ်မထားချေ။ စေတနာရှိသလောက် ပေးတာကို မက်မောသူဖြစ်သည်။ လောဘမရှိ၍ လည်း အပူပင်ကင်းနေသူဖြစ်သည်။ ပေးသလောက်ယူမည်။ ပေးတာစားမည်။ စိတ်မနှံ့သူဖြစ်ပေမယ့် ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်သည်။

အချိန်ကြာမှ မပေးချင်ပေးချင် ငွေလေးနည်းနည်းနှင့် ဆန်ကြမ်းလေး တစ်ဘူးသာ ပေးတတ်သော လယ်ပိုင်ရှင် သူဌေးတွေက ပိုဆိုးသည်။ ပေးတာလေးယူ ၍ ရေထမ်းပုံးလေးထမ်းကာ အိမ်ပြန်ခရီး မှာအပြုံးမပျက်၊ မေတ္တာမပျက်သည့် ကိုဖိုးတေကြီးပင်ဖြစ်သည်။

"ဖိုးတေရေ ဆန်တစ်ပြည်ယူသွား၊ ဒါက အမဲခြောက်ဖုတ်၊ ဆီက ငါးဆယ်သား ဘူးနော်၊ သေချာ ယူသွား"

"ဟဲ့ ငါ့အိမ်က အသားဟင်းချက်လို့ ဖိုးတေတို့သွားအမိအတွက် တစ်ခွက် ချန်ထားတာ"

"ကျုပ်တို့လည်း လယ်ထဲက အိုင်ပက် လာလို့ ဖိုးတေကြီးအတွက် ပေးချင်တာ ဗျို့"

သဘောမနောကောင်းသူမို့ စေတနာ ထားသူတွေကလည်း အများကြီးပင်။ သွေးသားရင်းထက်ပင် အားလုံးကချစ်ခင် ကြသည်။ ဖိုးတေကိုယ်တိုင်လည်း လူကသာကျပ်မပြည့်တာ ရပ်ရေးရွာရေး ကိစ္စဆိုလျှင် အောက်ခြေသိမ်းအလုပ် မှန်သမျှ သိမ်းကျုံးလုပ်ပေးတတ်သည်။ နားပါဦးဟု ပြောမှရပ်သူဖြစ်သည်။ ဒါ့ကြောင့်လည်း အားလုံးက ချစ်ခင်ကြ ခြင်းဖြစ်သည်။

(၄)

ကိုဖိုးတေကြီး၏ မနက်ခင်းကုသိုလ်က တော့ နေ့စဉ်ပထမဆုံးခပ်သည့် ရေသည် ရွာထိပ်ညောင်ပင်ကြီးက ရေအိုးစင်ကြီးမှာ ထည့်ပေးသည်။ ညောင်ပင်ပတ်လည် အိုးငါးလုံးကို ရေမလျော့အောင် အရင် ဖြည့်သည်။ ရွာထဲက သွားလာကြသူတွေ၊ ယာထဲ၊ လယ်ထဲက ပြန်လာကြသူတွေ၊ နွားကျောင်းသားတွေ၊ ခရီးသွားဧည့်သည် တွေက ညောင်ပင်ကြီးအရိပ်ခိုနားရင်း ကိုဖိုးတေ ခပ်ထားသော ရေကိုသောက် ကာ အမောဖြေကြသည်။ မေတ္တာပို့ ဆုတောင်းပေးတတ်ကြသည်။ ရေလျော့ တာနှင့် တန်းပြီးဖြည့်သည်။ နေ့စဉ်လုပ် နေသော ကိုဖိုးတေ၏ ရေကုသိုလ်ပင်ဖြစ် သည်။

"ရင်ထဲအေးပြီး အမောပြေသွားတာပဲ၊ ကိုဖိုးတေကြီး ကျန်းမာပါစေ၊ ချမ်းသာပါ စေဗျာ"

"နေပူပူခရီးဝေးက ပြန်လာတာ ဒီညောင်ပင်ကြီးရောက်မှ အမောပြေတော့ တယ်၊ အရိပ်အာဝါသ ကောင်းသလို ရေအိုးထဲက ရေကလည်း အေးမြလိုက် တာတော်၊ ရေကုသိုလ်ရှင်တွေ ကျန်းမာ ချမ်းသာကြပါစေ"

ရောက်လာသူ အပေါင်းကတော့ ရေကုသိုလ်ရှင်ကို ဆုတောင်းမေတ္တာ ပို့သကြသည်။ ဒါကို ကိုဖိုးတေကြီးက သိမြင်မထင်ချေ။ အတိတ်ဘဝက ဝဋ်ကြွေး ရှိခဲ့၍ ဒီဘဝမှာ ပုံမှန်လူတစ်ယောက်လို မဖြစ်ခဲ့ပေ။ သို့သော် မိခင်အိုကြီးကို လုပ်ကျွေးခွင့်ရသည့် သားလိမ္မာတစ်ယောက် ဖြစ်ခဲ့သည်။ မိခင်အိုကြီးကလည်း သွန်သင်ဆုံးမလမ်းပြနိုင်ခဲ့၍ အကောင်း ဘက်ကို အားသာခဲ့သည်။ လူတကာ ခိုင်းဘက်ဖြစ်တာတောင် ကုသိုလ်ရေး အတွက် စွမ်းသလောက်ကူညီနိုင်ခဲ့သည်။

"သား ဖိုးတေ အမေလေ မင်းအဖေနဲ့ အိမ်ထောင်ကျကတည်းက ဒီရွာမှာလိုက် နေတယ်၊ ဒီမှာပဲ အချေချခဲ့တယ်၊ ရရစားစားဘဝမို့ အများသူတွေလို အလှူ အတန်းမလုပ်နိုင်ခဲ့ဘူး၊ ဒါပေမယ့် အမေ လေ ဒီရွာရောက်ကတည်းက ရွာထိပ် ညောင်ပင်ကြီးမှာရှိတဲ့ ရေအိုးတွေကို နေ့စဉ်မပြတ်ရေထည့်ပေးရင်း ခုချိန်ထိ ကုသိုလ်ယူခဲ့တယ်။ ဒီကုသိုလ်လေးကို သားဖိုးတေက လက်ဆင့်ကမ်းတာဝန်ယူ ပေးပါနော်"

လူရိုးလူအေး မိဘစကားမြေဝယ်မကျ နားထောင်သူမို့ မိခင်ဒါနမျိုးစေ့ချပေးတာ ကို တာဝန်ယူ ကုသိုလ်ယူနိုင်ခဲ့သည်။ ရှေးဘဝကုသိုလ်ကံကြောင့် ဉာဏ်ရည်မမီ စာမသင်ခဲ့ရပေမယ့် အကျိုးထူးလို့ ကုသိုလ်ထူးတွေ ရရှိခဲ့သည်။ အပူကင်းလို့ လောဘ၊ ဒေါသ၊ မောဟ နည်းခဲ့သည်။ အကုသိုလ်ကင်းလွန်းသည့် အဖြူထည် ကလေးဖြစ်ခဲ့သည်။ မိဘကို လုပ်ကျွေးခွင့် ရသည့် သားလိမ္မာလေးအဖြစ် ရပ်ရွာ၏ ကောင်းချီးပေးခြင်းကို ခံခဲ့ရသည်။

(၅)

အချိန်တွေပြောင်းလဲသွားပြီ ဖြစ် သည်။ ကိုဖိုးတေကြီးတောင် အသက်ငါး ဆယ်ကျော်ပြီ။ မိခင်ကြီးလည်း ဘဝတစ် ပါးသို့ ကူးပြောင်းသွားပြီဖြစ်သည်။

သူများတွေသာ ပြောင်းလဲသွားသည်။ အိမ်ကြီး၊ အိမ်ကောင်းတွေနှင့် လောဘ၊ မောဟ၊ သောကတွေ ရင်ဝယ်ပိုက်လို့ ဘဝကိုဖြတ်သန်းရင်း အချိန်ကုန်သွား ကြသည်။ အဆိုးတွေ၊ အကောင်းတွေနှင့် ဘဝကိုလည်ပတ်သွားကြသည်။ ကိုဖိုးတေ ကတော့ ရာသီစက်ဝန်း အလီလီပြောင်း လဲသွားပေမယ့် ရေထမ်းရောင်းနေဆဲ၊ ရွာထိပ်ညောင်ပင်ကြီးမှာ ဝတ္တရားမပျက် ရေကုသိုလ်လုပ်နေဆဲပင်ဖြစ်သည်။

"ကိုဖိုးတေကြီးကတော့ ခြောက်ဆယ် နီးတာတောင် ကျန်းမာတုန်းပဲနော်၊ အမြဲ ပြုံးနေတာပဲ"

"ဟုတ်ပ့ါ ဖျားနာတယ်ဆိုတာ မတွေ့ ရဘူးနော်"

"သူ့ကုသိုလ်ကံလေးက ကောင်းတာ လေ၊ အမေကိုလုပ်ကျွေးတယ်၊ ရေကုသိုလ် လုပ်တယ်၊ ပေးတာယူတယ်၊ ကျွေးတာ စားတယ်၊ အကုသိုလ်ကင်းတော့ အပူ ကင်းတယ်လေ"

"ပိုက်ဆံရှိ လယ်ပိုင်ယာပိုင်တွေ ရောဂါပေါင်းစုံဖြစ်ပြီး သူတို့ပိုင်ဆိုင်သမျှ တွေထားခဲ့ပြီး ဘဝကူးကုန်ပြီ၊ တချို့ဆို ရောဂါနှိပ်စက်လို့ ခံနေရတာ နှစ်နဲ့ချီနော်"

"ဟုတ်ပ့ါဟယ် တရားရစရာပါ၊ ဘာကုသိုလ်မှ မလုပ်သွားဘူး၊ အစွဲ အလန်းတွေကြီးပြီး အကျွတ်တရားရပ့ါ မလားဟယ်"

"ကိုဖိုးတေကြီးကို မတရားခိုင်းပြီး လုပ်အားခမပေးချင်တဲ့ ဒေါ်မြိုင်ကြီး တစ်ယောက် အိပ်ရာထဲလဲတာတောင် သုံးနှစ်သုံးမိုးနော်။ ရောဂါပေါင်းစုံနှိပ်စက် ခံရတဲ့အပြင် ရှာထားသမျှစည်းစိမ် အကုန်ကုန်မှ အသက်ထွက်သွားတယ်"

"ကြောက်စရာ ကောင်းလိုက်တာ ဟယ်"

"အေး...မင်းတို့ လူငယ်တွေလည်း မသေခင် ဉာဏ်ဦးကြပေ့၊ ငါးပါးသီလ လုံအောင်နေ၊ တစ်ကိုယ်ကောင်းစိတ်ထား ခြင်းကို ရှောင်ဟ၊ လူတိုင်းအပေါ် စာနာ သနားတတ်ရင် အကုသိုလ်ကင်းတာ ပေ့ါကွာ"

"ဟုတ် ဘဒွေး"

"ဖိုးတေကြီးလို ဘာအနှောင်အဖွဲ့မှ မရှိဘဲ ရိုးရှင်းတဲ့ဘဝ ဖြူစင်တဲ့စိတ်ထား လေးကို အတုယူကြရမယ်ကွ"

"အမှန်ပဲ ဘဒွေးရေ"

ဇရာနေဝင်ချိန်ရောက်ရင်ဖြင့် အားလုံး ၏ အပြန်ခရီးသည် ကိုယ်ပြုသည့် ကုသိုလ်ကောင်းမှု၊ အပြုအမူ၊ စိတ်နေ စိတ်ထားအတိုင်း သွားရမည်ဆိုပါက လောဘ၊ ဒေါသ၊ မောဟမရှိ ပကတိရေလို ဖြူစင်နေသည့် ကိုဖိုးတေလို လူမျိုး အတွက် သွားရောက်ရမည့်ခြေလှမ်းက တော့ အများနှင့်မတူသည့် ကောင်းရာ ဘုံကိုပဲ သွားရမည်မှာ ဧကန်အမှန်ပင် ဖြစ်ပေတော့သည်။ ။

ဆောင်းပါး

# စားရေရိက္ခာလုံခြုံရေးနှင့် စားရေရိက္ခာဖူလုံရေး နိုင်ငံ့သွေးချွေး

## မင်းသုတ(တပ်ကုန်း)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်ခုဖြစ်သည်။ လူဦးရေ သုံးပုံနှစ်ပုံခန့်၊ ၇၀ ရာခိုင်နှုန်းခန့်သောသူတို့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် လုပ်ကိုင်အမှီပြုလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် စားရေရိက္ခာပြတ်လပ်မှုနှင့် အငတ်ဘေးကပ်ဆိုက်မှုများကို ဆိုးရွားစွာမကြုံရသေးပေ။ မခံစားရသေးပေ။ ၁၈၄၅ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံ၏ အာလူးတစ်မျိုးတည်းကို စိုက်ပျိုး၍ ပိုးကျကာ တစ်နိုင်ငံလုံးအငတ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။ လူဦးရေတစ်သန်းနီးပါး သေဆုံးခဲ့ရသည်။ လူဦးရေတစ်သန်းကျော် ပြည်ပသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ ၁၉၄၃ ခုနှစ် ဘင်္ဂလားဒေသတွင် ဂျုံတစ်မျိုးတည်းကိုစိုက်ပျိုးသဖြင့် အငတ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။ လူဦးရေသုံးသန်းနီးပါး သေဆုံးခဲ့ရသည်။ ပညာရှိတို့မည်သည် သူများအမှားမှ သင်ခန်းစာယူကြသည်။ လူမိုက်တို့သည်ကား ကိုယ်တိုင်မှားမှ သင်ခန်းစာယူကြသည်။ ပို၍မိုက်သောသူတို့သည်ကား ကိုယ်တိုင်မှားပါလျက် သင်ခန်းစာမယူကြကြောင်း စွန်းလွန်းဆရာတော်ကြီးက မိန့်ဆိုခဲ့ဖူးသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုယ်တိုင်မခံစားရသော်လည်း အငတ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံများ၏ စနစ်များနှင့် သင်ခန်းစာများကိုယူ၍ ပြုပြင်ပြောင်းလဲကြရပေမည်။

"ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်" ဟူ၍ ဆိုခဲ့ကြသည်။ လေနှင့်ရေပြီးလျှင် ဆန်သည် တတိယမြောက်အရေးကြီးသော ရိက္ခာတစ်ခုပင်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုရိက္ခာများအား ကောင်းမွန်စွာရှင်သန်ကြီးထွားအောင်မြင်လာစေရန် တောင်သူလယ်သမားများနှင့် မွေးမြူရေးသမားများက ပြုစုစောင့်ရှောက်ရသည်။ အဖျက်ပိုးမွှားအန္တရာယ်နှင့် မသမာသောလူတို့၏ရန်မှ ကင်းလွတ်အောင် ရိတ်သိမ်းခြွေလှေ့ထုပ်ပိုးချိန်ထိ ပြုပြင်ထိန်းသိမ်းရပြန်သည်။ မိသားစုဝမ်းစာဖူလုံရေးအတွက် ချန်လှပ်သိမ်းဆည်းရသည်။ တစ်နှစ်စာရေရှည်ထားရှိနိုင်ရေး ပိုးမွှားသန့်စင်ပြီး စနစ်တကျသိုလှောင်ရသည်။ နောက်တစ်ကြိမ်ရာသီချိန်အလိုက် ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များကိုရွေးချယ်၍ ထိန်းသိမ်းကြရသည်။ ကျွန်တော်ငယ်စဉ်က စိုက်ပျိုးရေးလုပ်ငန်းများကို ရွာမှာလုပ်ကိုင်ခဲ့ရသည်။ စပါးဆိုလျှင် နေလှန်း၍ ပိုးမွှားသန့်စင်ကြရသည်။ စပါးကျီများဖြင့် သိုလှောင်ကြသည်။ တစ်ဆယ့်ခြောက်တင်းဝင်သည့် ပုတ်ကြီးများအတွင်း မျိုးစပါးများ ထည့်ပြီးလျှင် အပေါ်မှ ကောက်ရိုးများဖြင့်ဖုံးအုပ်ရသည်။ နွားချေးအား ရေအနည်းငယ်နှင့် ကော်ရည်ကဲ့သို့ စေးပိုင်နေအောင် လက်ဖြင့်နယ်ကာ ကောက်ရိုးများပေါ်မှ ခပ်ထူထူလူး၍ပိတ်ရသည်။ စပါးပျိုးထောင်ချိန်ရောက်မှ ၎င်းပုတ်များကို ဖွင့်ဖောက်ရသည်။ ထိုနည်းတူစွာပင် ပဲ၊ ပြောင်း၊ ရှောက်၊ ကြံနှင့် အခြားရာသီသီးနှံများကိုလည်း မျိုးအဖြစ်ရွေးချယ် စနစ်တကျထိန်းသိမ်းခဲ့ရသည်။ ပိုလျှံသည့်စားရေရိက္ခာများကို ထုခွဲရောင်းချကြသည်။ ထုတ်လုပ်ကုန်ကျမှုစရိတ်များ၊ အလုပ်သမားစရိတ်များတွက်ချက်ပြီး အခြေခံဈေးနှုန်းနှင့် သင့်တင့်သောအမြတ်အပေါ်မူတည်၍ ရောင်းချကြသည်။ အမြတ်ကြီးကြီးရလိုမှုဖြင့် သိုလှောင်ပြီး ကြိုက်ဈေးရမှရောင်းချလျှင် ပြည်သူအများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ခံရနိုင်သည်ကို သတိချပ်ရပေသည်။ ကုန်သည်ပွဲစားများ၏ အမြတ်ရလိုမှု ဝိသမလောဘများကြောင့် နိုင်ငံတော်အတွက် ထိခိုက်စေနိုင်သည်။ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရနိုင်သည်။ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက် သင်တင့်မျှတသောဈေးနှုန်းဖြင့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများ၊ အဖွဲ့အစည်းများက တင်ပို့ရောင်းချနိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်ပေးသင့်သည်။ ပြဋ္ဌာန်းထားသော ဥပဒေများပါအတိုင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးဧကများအတွက် ချွင်းချက်အနေဖြင့် မျိုးဗီဇကွင်းဆက်မပျက်စေရေး ခွင့်ပြုပေးသင့်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိလာသည့် စားရေရိက္ခာများ၏ လုံခြုံရေးနှင့် စားရေရိက္ခာဖူလုံရေးသည် မိမိနိုင်ငံသူ နိုင်ငံသားတို့၏ အသက်သွေးချွေးများပင်ဖြစ်သကဲ့သို့ နိုင်ငံ၏ သွေးနှင့်ချွေးများပင်ဖြစ်ပေသည်။

ယနေ့ခေတ်တွင် နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများကို ပွဲရုံများမှ ကုန်သည်ပွဲစားများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှ ဈေးကွက်လက်ဝါးကြီးအုပ်လိုမှုဖြင့် စိုက်ပျိုးမွေးမြူရေးခြံများ၊ ကျေးရွာများသို့ဆင်း၍လည်းကောင်း၊ အရင်းအနှီးမတည်ထုတ်ပေး၍ အကျိုးတူလုပ်၍လည်းကောင်း ဈေးနှိမ်ဝယ်ယူနေကြသည်။ ယာခင်းအပြတ်ဝယ်ယူနေကြသည်။ စိုက်ပျိုးထားသည့် သီးနှံအပေါ်မူတည်၍ ဈေးဖြတ်ကြသည်။ ဈေးဖြတ်ဝယ်ယူပြီးသည်နှင့် စိုက်ပျိုးသူက ပြုစုစောင့်ရှောက်ရန် မလိုအပ်တော့ပေ။ စိုက်ပျိုးသူအလုပ်မရှုပ် သက်သာသည်။ သူ့လူနှင့်သူပြုစုသည်။ ထုပ်ပိုးသည်။ ကြိုက်ဈေးရမှ လိုအပ်သလောက်ကိုသာ ဈေးကွက်အတွင်းသို့ ရောင်းချပေးသည်။ စိုက်ပျိုးသူက မိသားစုစားဝတ်နေရေးအတွက် လောက်ငရုံနှင့် အမြတ်နည်းနည်းသာရလိုက်သော်လည်း ဝယ်ယူသူကုန်သည်ပွဲစား၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များက အလုပ်သမားခ၊ ထုပ်ပိုးခ၊ သယ်ယူထိန်းသိမ်းခ၊ ရလိုသောအမြတ်တင် ဈေးကစား၍ရောင်းချရသဖြင့် အမြတ်များစွာရရှိသွားပေမည်။ တချို့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူသူများသည် ဈေးနှိမ်ခံရသည့်အပြင် မရောင်း၍မဖြစ် အရှုံးခံရောင်းချနေကြရသည်။ တချို့လယ်ယာထုတ်ကုန်များ၏ ဈေးနှုန်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်အောက်နိမ့်ကျနေခြင်းနှင့် ရင်ဆိုင်နေကြရသည်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများအတိုင်း ထဲထဲဝင်ဝင် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသင့်သည်။ ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း တောင်သူများ၏သီးနှံများအား ရောင်းချရန်အခက်အခဲဖြစ်နေသဖြင့် ဒေသအသီးသီးရှိ တပ်မတော်တပ်ရင်း/တပ်ဖွဲ့များမှ တောင်သူများနစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ဝယ်ယူပေးခဲ့ကြရသည်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ ပြုပြင်ပြဋ္ဌာန်းခဲ့ကြသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အပင်မျိုးသစ်ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည်။ မီဒီယာနှင့် သတင်းစာကဏ္ဍများမှလည်း စိုက်ပျိုးရေးအသိပညာပေးအစီအစဉ်များ ရိုက်ကူးထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းများအား အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြင့် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးအခြေအနေပယောဂများကြောင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် တက်ကုန်ဖွင့်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပါမကျန် ထောက်ပံ့ငွေများကို နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်တိုင်တွေ့ဆုံ၍ ထောက်ပံ့ပေးခဲ့သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့များကို နှစ်စဉ် ပုံမှန်ကျင်းပ၍ ဂုဏ်ပြုလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပခဲ့ကြသည်။ လူသားအားလုံး စားရေရိက္ခာဖူလုံမှုအတွက် အရေးပါမှုနှင့် စားရေရိက္ခာဖူလုံမှုမရှိပါက လူသားများ၏ ဘဝရပ်တည်မှုခက်ခဲသည်ကို သတိပြုမိပြီး အလေးထားကြိုးပမ်းဆောင်ရွက်ကြစေရန် ရည်ရွယ်၍ နှစ်စဉ်ကမ္ဘာ့နိုင်ငံအသီးသီးတွင် "ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ကြသည်။ ၂၀၂၃ ခုနှစ်တွင် ကျင်းပသည့် အခမ်းအနား၏ဆောင်ပုဒ်မှာ "ရေသည်အသက်၊ ရေသည်ရိက္ခာ၊ တစ်ဦးတစ်ယောက်မချန်ရရှိစေရာ" (Water is Life, Water is Food. Leave no one behind) ဖြစ်သည်။ ရေနှင့်စားရေရိက္ခာသည် မိမိတို့လူသားများအတွက် နေ့စဉ်အသက်ရှင်သန်ရပ်တည်ရန် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ပိုမိုကောင်းမွန်သောဘဝနှင့် ပိုမိုကောင်းမွန်သောအနာဂတ်အတွက် အစားအစာများရရှိရေး ကမ္ဘာ့လယ်သမားများသည် ကမ္ဘာ့လူဦးရေထက် ပိုမိုကျွေးမွေးရန် လုံလောက်သောအစားအစာကို ထုတ်လုပ်နေကြသော်လည်း ငတ်မွတ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ကမ္ဘာပေါ်တွင် လူပေါင်း ၇၃၃ သန်းသည် ငတ်မွတ်မှုနှင့် ရင်ဆိုင်နေရသည်။ ၂၀၂၃ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံခဲ့ပြီး ဆန်ဖူလုံမှု ၁၅၄ ဒသမ ၃၃ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှု ၅၁၂ ရာခိုင်နှုန်းအထိ ရရှိခဲ့သဖြင့် လယ်ယာထွက်ကုန်တင်ပို့မှုများသည် နိုင်ငံ၏စုစုပေါင်းတင်ပို့မှုတန်ဖိုး၏ ၂၈ ဒသမ ၈ ရာခိုင်နှုန်းအထိ ကိုယ်စားပြုနိုင်ခဲ့ကာ ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာပေါ်တွင် လူပေါင်း ၂ ဒသမ ၈ ဘီလီယံကျော်သည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ကို မတတ်နိုင်ကြပေ။ ပဋိပက္ခများ၊ ပြင်းထန်သောရာသီဥတုဖြစ်ရပ်များနှင့် စီးပွားရေးဆိုင်ရာ လှုပ်ခတ်ပေါင်းစပ်မှုများကြောင့် ဆင်းရဲမွဲတေမှုနှင့် အာဟာရချို့တဲ့မှုများကို ပိုမိုဆိုးရွားစေခဲ့သည်။ လေထုညစ်ညမ်းမှု၊ မြေဆီလွှာ၊ ရေနှင့် လေထုကို ပျက်စီးစေကာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေလျက်ရှိသည်။ မူဝါဒနှင့် ဥပဒေပြုရေးဆိုင်ရာ နည်းပညာအကူအညီများ၊ အုပ်ချုပ်ရေးနှင့် စောင့်ကြည့်ရေးယန္တရားများကို အားကောင်းစေရန်လိုအပ်လှသည်။ စွမ်းဆောင်ရည်များ မြှင့်တင်ရန်နှင့် ပိုမိုကောင်းမွန်သောထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သောအာဟာရ၊ ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သော ဘဝနေထိုင်မှုများအတွက် စိုက်ပျိုးရေးစနစ်များ အသွင်ပြောင်းရန် အစုအဖွဲ့ပေါင်းစုံမှ မူဝါဒရေးရာ ဆွေးနွေးမှုများကို မြှင့်တင်ပေးလျက်ရှိသည်။ ထိခိုက်ပျက်စီးခဲ့ရသော မိသားစုများနှင့် ရပ်ရွာများအတွက် သီးနှံလျော်ကြေးငွေများ၊ လူသားချင်းစာနာမှုဖြင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အကူအညီများကိုလည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ စားသုံးသူများအနေဖြင့် အခွင့်အရေးများကို ကျင့်သုံးနိုင်ပြီး မညီမျှမှုနှင့် ဆင်းရဲမွဲတေမှုကို ကိုင်တွယ်ဖြေရှင်းရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာရွေးချယ်မှုများ ပြုလုပ်ရန်၊ အစားအစာစွန့်ပစ်ပစ္စည်းများကို လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးသင့်ပါသည်။ ။

## လမ်းလျှောက်ကြပါစို့

☆ မိုးနှောင်းကုန်လို့ ဆောင်းရာသီ
ရောက်ရှိလို့လာပြီ၊
ရှစ်မျက်နှာဆီ နှင်းမှုန်များ
နေရာဖြန့်ကြက်ထား။
တိုးတိုက်သံကြား မြောက်လေပြည်
အချမ်းပို့လို့လေ၊
ကျေးငှက်လေးတွေ အချက်ပေး
အိပ်ရာထစို့လေ။

☆ ကျန်းမာရေးအတွက်
လမ်းလျှောက်ရန်
အသံချဲ့စက် နှိုးဆော်ပြန်၊
စုဝေးရာထံ အရောက်သွား
ဆုံကြမိတ်ဆွေများ။

☆ ပျော်ပျော်ပါးပါး ညီညီညာ
လမ်းလျှောက်ကြသောအခါ၊
သွက်လက်ခန္ဓာ စိတ်ကြည်အေး
သဘာဝလက်ဆောင်ဆေး။
လမ်းလျှောက်ကြစို့လေ။ ။

ချစ်သက်(မြန်မာစာ)

---

## မျိုးဆက်သစ်တို့ တက်လမ်း

❑ မျိုးဆက်သစ်တို့ တက်လမ်း
လက်တစ်ကမ်း အနီးမှာ။
အခက်ခဲကို စိုးမကြောက်နဲ့
ထိုးဖောက်လှမ်းပါ။
ဇွဲလုံ့လ စိတ်ဆောင်ကာ
ဉာဏ်ပညာ ဦးဆောင်လျက်။
အချိန်တွေကို တန်ဖိုးထားလို့
နိုးကြားသွက်လက်။

❑ အပျင်းကို ရင်မှာမဖက်နဲ့
စွမ်းရည်ထက် သတ္တိပြောင်။
စိတ်သန္တာန်မှာ တန်ခိုးထွား
ကြိုးစားလူ့ဘောင်။
ကိုယ့်တန်ဖိုး မြင့်မားအောင်
ယခုနောင် လှုပ်ရှားမနေး။
တန်ဖိုးဝင် လူသားအစစ်ကို
ထုဆစ်မယ်လေး။

❑ ဆိုးကောင်းထွေ မှားမှန်တွေးလို့
အားမာန်မွေး မျိုးဆက်သစ်တွေ။
စည်းကမ်းကို အခြေခံသွား
တိုးပွားပါစေ။
ရည်မှန်းထား ပန်းတိုင်အခြေ
လှမ်းနိုင်မသွေ အမှန်မလွဲ။
စိတ်ဓာတ်ကို ကောင်းအောင်မြှင့်ကွယ်
ဂုဏ်တင့်အောင်ပွဲ။ ။

ရဲသွေးနီ(တက်ဝန်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

ဝေါ ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဦးကျော်ကျော်၏ ဒေသန္တာရမွေးမြူရေးခြံနှင့် ဦးမင်းမင်းသူ၏ အသားစားကြက်ကောင်ရေ ၆၀၀၀ မွေးမြူရေးခြံတို့သို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျိုက်လှချောင်းဟောင်းတစ်လျှောက် လယ်မြေများ သီးထပ်စွမ်းအားတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ချောင်းဟောင်းတစ်လျှောက် ပြန်လည်တူးဖော်နိုင်ရေးနှင့် အကျိုးပြုနိုင်မည့် စိုက်ကေများ ကွင်းဆင်းစိစစ်တင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ တစ်နှစ်သုံးသီးစိုက် တစ်ကွင်းတစ်ဆက်တည်း ၁၅ ဧကပဲမျိုးစုံနှင့် နေကြာစံပြကွက် စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကျိုက်လှကွင်းအတွင်း ရေရရှိရေးနည်းလမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ ဆရာတော်၊သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ချမ်းမြသာစည်မြောက်ရပ်ကွက်ရှိ မိုးထားကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၁၁၀ နှင့်ဒေသခံပြည်သူ ၁၂၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

တနင်္သာရီ ဒီဇင်ဘာ ၇

တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ကာယ/ဉာဏပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်က အထက(တနင်္သာရီ)အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အထက(တနင်္သာရီ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ Grade-11 ကျောင်းသား ကျောင်းသူလေးများက ဘက်စုံပညာကိုရည် ဒို့လှမ်းချီ တေးသီချင်းသီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် တနင်္သာရီသမိုင်းနှင့် မြို့ရိုးများအကြောင်း စာပေဟောပြောသည့် မြို့နယ်စာရေးဆရာအသင်းနာယက ဦးစိုးရီ၊ စာပေရေးရာစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသည့် အလယ်တန်းပြ ဆရာမဒေါ်လှလှမွန်နှင့် စာကြည့်တိုက်လက်ထောက်(၃)(အင်အားပြ) ဒေါ်သင်းစံပယ်ဖြူတို့အား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် အထက်တန်း/အလယ်တန်း/မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၅ | ၃၁၄၅ | ၃၁၂၀ | ၃၀၇၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၀ | ၃၁၂၅ | ၄၅၀၅ | ၃၂၈၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၈၀ | ၃၁၇၀ | ၃၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၀ | ၃၂၃၅ | ၃၁၈၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၈၅ | ၃၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၉၅ | ၃၂၈၅ | ၃၂၉၅ | ၃၇၀၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၅၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၅၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index– AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများနှင့်အတူ တပျော်တပါးပါဝင်ဆင်နွှဲ

မြစ်ကြီးနား ဒီဇင်ဘာ ၇

ဒီဇင်ဘာအားကစားလ ပထမပတ် လူထုအားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြစ်ကြီးနားမြို့၌ ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ ပြည်နယ်ပြည်သူ့အားကစား ကွင်းရှေ့ အထူးတန်းပွဲကြည့်စင်ရှေ့စုရပ်မှ သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ပြည်နယ်ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့ စုရပ်မှ စတင်တာလွှတ်ခဲ့ကြပြီး ရုံးကြီးလမ်းမှတစ်ဆင့် သခင်နက်ဖေလမ်း၊ မီးသတ်မီးပွိုင့်မှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီး၊ ထိုမှတစ်ဆင့် ဆွမ်ပရာဘွမ်လမ်း၊ ရုံးကြီးလမ်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြကာ ပြည်နယ်ဘောလုံးကွင်းအတွင်း ဝင်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဘောလုံးကွင်းအတွင်း ကိုယ်ကာယလေ့ကျင့်ခန်းအတွဲ အမှတ်(၁)နှင့် (၂) လေ့ကျင့်ခန်းနှင့် Fitness Dance တို့ကို စုပေါင်းလေ့ကျင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများအား ကံစမ်းမဲဖောက်၍ အိမ်အသုံးအဆောင်ပစ္စည်းများကို



ပေးအပ်ချီးမြှင့်ခဲ့ကြကာ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲအဖြစ် မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲများကို ကျင်းပခဲ့ကြပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယမန်နေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာဒုတိယဝန်ကြီး ဦးစိုးကြည်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းထားသည့်အနက် ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲလူနာများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း ၄၄ ကြိမ် သင်တန်းသား ၉၁၄ ဦး၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း ၁၉ ကြိမ် သင်တန်းသား ၆၂၀ ကို ပြန်လည်ထူထောင်မှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း ၂၉ ကြိမ် သင်တန်းသား ၇၀၅ ဦးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ဦးစီးဌာနရှိ ဝန်ထမ်းများအတွက် သင်တန်းလေးကြိမ် သင်တန်းသား ၁၁၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သို့ တင်ပြလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိ

ဘားအံ ဒီဇင်ဘာ ၇

ကရင်ပြည်နယ်တွင် ယခုနှစ်မိုးစပါးဧက လေးသိန်းနှစ်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးခဲ့ပြီး ယနေ့နံနက် ၁၀ နာရီက ပြည်နယ်မြေ စာရင်းဦးစီးဌာနမှ လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ ထီလုံအလယ်ကွင်းရှိ တောင်သူ ဦးရာမူး၏ မိုးစပါး ဆင်းသုခ စိုက်ခင်း၌ စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဓိကစားရေရိက္ခာမှာ လယ်ယာကဏ္ဍမှရရှိသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တောင်သူများအနေဖြင့် စပါးသီးနှံကိုတိုးချဲ့စိုက်ပျိုးကြစေလိုပြီး သီးထပ်သီးညှပ်များဖြင့် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက စံကွက်ရိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးက မီးခိုးမြူငွေ့များအန္တရာယ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိရေး စိုက်ပျိုးပြီးစီးသည့် မိုးစပါးဧကများအနက် ကိုယ်စားပြုအလွှာ(ကောင်း)ကို ကိုယ်စားပြုသော ဆင်းသုခမိုးစပါးစိုက်ခင်း စံကွက်သုံးကွက်အား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်း များနှင့်တောင်သူများက မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

လှိုင်းဘွဲမြို့နယ်တွင် မိုးစပါး ၁၂၀၈၈၉ ဧကစိုက်ပျိုးထားရှိပြီး ကောင်း၊ သင့်၊ ညံ့ကိုယ်စားပြုအလွှာလိုက် စံကွက်ပေါင်း ၃၁၅ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြည်နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



## ပူတာအိုမြို့၌ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုလမ်းလျှောက်ပွဲ ကျင်းပ

ပူတာအို ဒီဇင်ဘာ ၇

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်သောဘဝကိုပိုင်ဆိုင်နိုင်စေရန်အတွက် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ပူတာအိုခရိုင်အထွေ



ထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့စုရပ်မှစတင်ထွက်ခွာသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် ပူတာအိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အားကစားဝါသနာရှင် ပြည်သူစုစုပေါင်း အင်အား ၅၀၀ ကျော်တို့က စုရပ်ဖြစ်သည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း ခရိုင်ပြန်/ဆက်လမ်းဆုံ၊ ခရိုင်ပြန်/ဆက်လမ်းဆုံမှတစ်ဆင့် ဖုန်ကန်ရာဇီခန်းမ၊ ဖုန်ကန်ရာဇီခန်းမမှတစ်ဆင့် ခရိုင်ပြည်သူ့ဆေးရုံလမ်းမကြီးအတိုင်း ဟိုခိုရပ်ကွက် အောက်ချိုင့်လမ်းဆုံ၊အောက်ချိုင့်လမ်းဆုံမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း ခရိုင်ပြည်သူ့အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ လူထုစုပေါင်းလမ်းလျှောက်အဖွဲ့သည် ခရိုင်ပြည်သူ့ အားကစားကွင်း၌ ခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ဦးဆောင်မှုဖြင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ အတွဲ(၁)(၂)နှင့် Physical Fitness Dance အကများဖြင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တပျော်တပါးစုပေါင်းဆင်နွှဲခဲ့ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲအထိမ်းအမှတ် မီတာ(၁၀၀)(မ)အပြေးပြိုင်ပွဲ၊ ကျားတစ်ဦးချင်းဘောလုံးစွမ်းရည် ယှဉ်ပြိုင်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသား ကျောင်းသူများအားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘုန်းလက်ရာသစ်

# မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်၏ လမ်းကြမ်းစီးစက်ဘီးနည်းပြသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၇

